မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၃] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်) } သောကြာနေ့ [ အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၇/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်)

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့် ဆက်စပ်သူများ၏ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သည့် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍လည်းကောင်း နိုင်ငံတော်အတွင်း တရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော AA အဖွဲ့ဝင်များနှင့် ဆက်စပ်သူ (၄၆) ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃၇၉/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ** တွင် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက် ဖွဲ့စည်းလိုက်သည်-

(၁) ဗိုလ်ချုပ် စိုးတင့်နိုင်
ဒုတိယဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၂) ဒေါက်တာ အေးထွန်း
ဒုတိယဝန်ကြီး
ကျန်းမာရေးဝန်ကြီးဌာန

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

### တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၃/၂၀၂၁ ဖြင့် ဖွဲ့စည်းခဲ့သော **တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ** တွင် အဖွဲ့ဝင် အမြဲတမ်းအတွင်းဝန်၊ စက်မှုဝန်ကြီးဌာန **အစား** အဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ စက်မှုဝန်ကြီးဌာနဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

### ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း ကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | အမြဲတမ်းအတွင်းဝန်<br>ကာကွယ်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့မီးရထား<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမှုဆောင်အရာရှိချုပ်<br>မြန်မာအမျိုးသားလေကြောင်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | ညွှန်ကြားရေးမှူးချုပ်<br>လမ်းဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | ရဲထောက်ချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

( ဓ ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( န ) ဦးဆောင်ညွှန်ကြားရေးမှူး တွဲဖက်အတွင်းရေးမှူး
ကုန်းလမ်းပို့ဆောင်ရေး
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အရေးပေါ်အသုံးပြုနိုင်ရန်အတွက် ဒေသအလိုက် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ရှင်းလင်းရေး ယန္တရားများ စာရင်းပြုစုခြင်း၊ တာဝန်ပေးအပ်လာသည့် ကိစ္စများအတွက် ယာဉ်စီမံပေးခြင်းနှင့် သယ်ယူ ပို့ဆောင်ပေးခြင်းဆောင်ရွက်ရန်၊

( ခ ) ချဉ်းကပ်လမ်းကြောင်း၊ အရန်ချဉ်းကပ်လမ်းကြောင်းများ၏ စာရင်းကိုပြုစု၍ ထိုလမ်းကြောင်းများ၏ အခြေအနေ၊ လမ်းကြောင်းအကျယ်၊ လမ်းသားအခြေအနေ (မြေသား၊ ကျောက်ခင်း၊ ကတ္တရာခင်း)၊ ဆင်ခြေလျှော၊ ကွေ့များ၊ တံတားများအခြေအနေ (ဝန်ချိန်၊ တံတားအရှည်၊ တံတားအမျိုးအစား)၊ တံတားများပျက်စီးနေပါက လမ်းလွှဲသွားနိုင်သော အခြေအနေ၊ မကြာခဏပျက်စီးတတ်သော လမ်းပိုင်း အခြေအနေ စသည်တို့ကို စာရင်းရယူပြုစုထားရန်၊ အစဉ်ကောင်းမွန်နေရေး စီမံဆောင်ရွက်ရန်၊

( ဂ ) ရေကြောင်းပင်မလမ်းများ၊ ချဉ်းကပ်လမ်းအဖြစ်အသုံးပြုနိုင်သော ရေလမ်းကြောင်းအခြေအနေများအား လေ့လာပြုစုထားရန်၊

(ဃ) လေဆိပ်၊ ရဟတ်ယာဉ်ဆင်း ကွင်းများအား ကြိုတင်စာရင်းပြုစုထားရန်၊

( င ) အသုံးပြုရမည့် စက်သုံးဆီအမျိုးအစားအလိုက် လိုအပ်သောနေရာများတွင် လိုအပ်သောပမာဏအတိုင်း သိုလှောင်ထားရန်၊

( စ ) သဘာဝဘေးကာကွယ်ရေးအတွက် ယာဉ်များစုစည်းရာတွင် ငြင်းဆန်ပါက အရေးယူရန် အုပ်ချုပ်မှု အမိန့်များ ထုတ်ပြန်နိုင်ရေးအတွက် ညှိနှိုင်းတင်ပြဆောင်ရွက်ရန်၊

(ဆ) လမ်းကြောင်းတစ်လျှောက် ယာဉ်ရပ်နားရန်အတွက် သတင်းပို့စခန်းများ သတ်မှတ်ထားရန်နှင့် ၎င်းနေရာများတွင် ဆက်သွယ်ရေးစက်များ ထားရှိရန်၊

( ဇ ) ယာဉ်အုပ်စုအလိုက် ဆက်သွယ်ရေးစက်များ ထားရှိဆက်သွယ်နိုင်ရေးနှင့် ယာဉ်အုပ်စုအတွင်း ဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်တစ်စီးစီ စီစဉ်ထားရှိနိုင်ရေး၊ မြို့နယ်အလိုက် ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ တင်ဆောင်ရမည့်နေရာများ၏ စာရင်းရယူရေး၊ ယာဉ်အုပ်စုအလိုက် ကြီးကြပ်ရေး အဖွဲ့နှင့် လုံခြုံရေးအစောင့်အရှောက်များ ထားရှိရေးအစရှိသော စီမံမှုများကို ဆောင်ရွက်ထားရန်၊

(ဈ) သဘာဝဘေးအမျိုးအစားအလိုက် တောင်းခံလာနိုင်သောယာဉ်၊ ယန္တရားများစာရင်း၊ ရေသယ်ယာဉ်၊ လောင်စာဆီသယ်ယာဉ်၊ လူနာတင်ယာဉ်စာရင်းများ ကြိုတင်ပြုစုထားရန်၊

(ည) သယ်ယူပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေးအတွက် လိုအပ်မည့် အုပ်ချုပ်မှုအစီအမံများကို ကြိုတင်ညှိနှိုင်းပြင်ဆင်ထားရန်၊

( ဋ ) အရေးပေါ်ကာလအတွက် ဆက်သွယ်မှုစနစ်ထူထောင်နိုင်ရေး အမြဲအသင့်ပြင်ဆင်ထားရန်နှင့် အခါ အားလျော်စွာ ဇာတ်တိုက်လေ့ကျင့်စစ်ဆေးထားရန်၊

( ဌ ) တာဝန်ယူဆောင်ရွက်မည့်ပုဂ္ဂိုလ်များအား ဆက်သွယ်ရေးဆိုင်ရာသင်တန်းများ သင်ကြားပို့ချရန်၊

( ဍ ) အရေးပေါ်ဆက်သွယ်ဆောင်ရွက်ရမည့် အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်/မြို့နယ်များရှိ တာဝန်ရှိပုဂ္ဂိုလ်များ၏ တယ်လီဖုန်း၊ မိုဘိုင်းဖုန်း၊ ဖက်စ်နံပါတ်များ၊ ဆက်သွယ်ရေးစက်များ၏ အခေါ်အဝေါ်နှင့် လှိုင်းနှုန်းများအား စုစည်းပြုစု၍ တာဝန်ရှိသူများထံ ကြိုတင်ဖြန့်ဝေထားရန်၊

( ဎ ) သဘာဝဘေးကြိုတင်သတိပေးချက်ရရှိပါက အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်အကြောင်းကြားနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ဏ) အရေးပေါ်အချိန်တွင် အိမ်နီးချင်းနိုင်ငံများနှင့် နိုင်ငံတကာမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနများ၏ ခန့်မှန်းချက်များ အဆက်မပြတ်ရရှိရေးအတွက် လက်ရှိဆက်သွယ်ရေးစနစ်အပြင် လိုအပ်ပါက အရန်ဆက်သွယ်ရေးစနစ် ထူထောင်ထားနိုင်ရေး ဆောင်ရွက်ရန်၊

(တ) ဇဟိုမှ သဘာဝဘေးခံရသော ဒေသသို့သွားရောက်မည့် ကွပ်ကဲရေးအဖွဲ့များသို့ အထက်၊ အောက်၊ ဘေးနံ ဆက်သွယ်နိုင်မည့် ဆက်သွယ်ရေးစနစ်တစ်ရပ် ထူထောင်ပေးရန်၊

(ထ) ဒေသအလိုက် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတိုင်းတွင် သက်ဆိုင်ရာဒေသ၌ ဖြစ်ပွားလေ့ရှိသော သဘာဝဘေးများအတွက် အရေးပေါ်အခြေအနေတွင် ရှောင်တိမ်းနိုင်မည့်လမ်းကြောင်းနှင့် ဆက်သွယ်ရေးစနစ်အတွက် တစ်ပါတည်းထည့်သွင်းနိုင်ရေး သုတေသနပြုဆောင်ရွက်ရန်၊

( ဒ ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်စီးဆင်းနိုင်မှုအတွက် နည်းပညာများ၊ ပစ္စည်းကိရိယာများ၊ ပြည်သူများအတွင်း အလွယ်တကူ သိရှိသုံးစွဲနိုင်ရေး မပြတ်ကြံဆဆောင်ရွက်ရန်၊

( ဓ ) အရေးပေါ်ကာလပို့ဆောင်ရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများအတွက် ဒေသအလိုက် လူအင်အားနှင့် ပစ္စည်းကိရိယာများ စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ လိုအပ်သော သင်တန်းများပို့ချပေးခြင်း၊ နှစ်စဉ်စီမံကိန်းများတွင် စနစ်တကျ လျာထားရေးဆွဲအကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်ရန်၊

( န ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့် လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

( ပ ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

( ဖ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂)

## သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(ခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
ပြန်ကြားရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မြန်မာ့အသံနှင့် ရုပ်မြင်သံကြား
ပြန်ကြားရေးဝန်ကြီးဌာန

၂။ သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပုံမှန်အချိန်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပညာပေးအစီအစဉ်များကို မီဒီယာနည်းလမ်းများ အသုံးပြု၍ ပြည်သူလူထု အသိပညာရရှိစေရေးဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်ပြခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ UN, INGOs, NGOs အဖွဲ့များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအမျိုးအစားအလိုက် ကြိုတင်သတိပေးကွန်ရက်စနစ်များ တည်ဆောက်ထားရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ကြောင်း ကြိုတင်သတင်းရရှိချိန်မှစ၍ သက်ဆိုင်ရာဌာနများမှ ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်များ၊ သတိပေးချက်များ၊ ကြေညာချက်များကို ပြည်သူလူထုထံသို့ ရောက်ရှိနိုင်သမျှနည်းလမ်းများသုံး၍ ထုတ်ပြန်ဆောင်ရွက်ပေးရန်၊

(င) သဘာဝဘေးကြိုတင်သတိပေးချက် ရရှိချိန်မှစ၍ သဘာဝဘေးမကျရောက်မီ၊ ကျရောက်နေချိန်၊ ကျရောက်ပြီးနောက် ရရှိသောသတင်းအချက်အလက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရန်၊

(စ) သဘာဝဘေးကျရောက်သည့်ဒေသများသို့ Mobile Team များစေလွှတ်၍ မြေပြင်သတင်းအချက်အလက်များ ရရှိရေးဆောင်ရွက်ရန်နှင့် သတင်းထုတ်ပြန်မှုများ ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဖြစ်ပွားပြီးနောက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများ၊ အလှူရှင်များ၏ လှူဒါန်းထောက်ပံ့မှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ နိုင်ငံတကာအကူအညီများနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာစွာဖြင့် စဉ်ဆက်မပြတ် ထုတ်လွှင့်ဖော်ပြပေးရန်၊

(ဇ) နိုင်ငံတော်အဆင့်မှ ဖြေရှင်းဆောင်ရွက်ခဲ့ရသည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ မှတ်တမ်းတင်ရိုက်ကူးထုတ်လွှင့်နိုင်ရေးဆောင်ရွက်ရန်၊

(ဈ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဋ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂)

## ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး ဒုတိယဥက္ကဋ္ဌ
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူး<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (တ) | ညွှန်ကြားရေးမှူးချုပ်<br>ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဘေးအန္တရာယ်များကြောင့် အိုးအိမ်နှင့် အခြေခံအဆောက်အအုံများ ထိခိုက်ဆုံးရှုံးနိုင်မှုအခြေအနေကို ကြိုတင်လေ့လာဆန်းစစ် ဖော်ထုတ်ထားရန်၊

(ခ) ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ်မူတည်၍ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံချက်များ ကြိုတင်ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးချိန်တွင် ဘေးသင့်ပြည်သူများ ဘေးကင်းလုံခြုံသည့်နေရာတွင် ယာယီနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်နေအိမ်များကို ဘေးကင်းလုံခြုံသည့် သင့်လျော်သော နေရာတွင် သဘာဝဘေးဒဏ်ခံအဆောက်အဦများအဖြစ် ပြန်လည်တည်ဆောက်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊

( င ) ဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့် လမ်းတံတား၊ အခြေခံအဆောက်အအုံများ၊ မြို့ပြနှင့် အများပိုင်အဆောက်အအုံများကို သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိစွာ ပြန်လည်တည်ဆောက်ပေးရန်၊

( စ ) သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသည့် မြို့ရွာများ ပြန်လည်ထူထောင်ရာတွင် မြို့ပြအင်္ဂါရပ်နှင့် ညီစေရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ရေးတို့ကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်၊

(ဆ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးသင့်ပြည်သူများ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်၊

( ဇ ) အိုးအိမ်ဆုံးရှုံးသွားသည့် ဘေးသင့်ပြည်သူများအား ပြန်လည်တည်ဆောက်ပြီးသည့် အဆောက်အဦ များတွင် စနစ်တကျ ပြန်လည်နေရာချထားပေးရန်၊

( ဈ ) ဘေးသင့်သူများအနက် ကျောင်းသား၊ ကျောင်းသူများ ပညာသင်နှစ်မပျက် ဆက်လက်သင်ယူနိုင်ရေး အတွက် စီမံဆောင်ရွက်ပေးရန်နှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

( ဋ ) အန္တရာယ်ဖြစ်ပွားစေနိုင်သော စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လမ်း၊ တံတားများအတွက် နည်းပညာဆိုင်ရာအကြံပေးခြင်း၊ ကြိုတင်သတိပေးစနစ်ထားရှိရေးနှင့် အရေးပေါ်အစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန်၊

( ဌ ) နိုင်ငံတကာအသိုင်းအဝိုင်းမှ ကမ်းလှမ်းလာသည့် လူသားချင်းစာနာမှု အကူအညီများ၊ ရန်ပုံငွေတောင်းခံ ဖြည့်ဆည်းမှုများ၊ ပြန်လည်ထူထောင်ရေးအထောက်အပံ့များ၊ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးစီမံချက်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ခွင့်ပြုချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီများ၊ လုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ဍ ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင် ဆောင်ရွက်ရန်၊

( ဎ ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဏ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၃/၂၀၂၁) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဥက္ကဋ္ဌ (ကိုယ်စား)

အောင်ထွန်းခိုင်၊ အတွင်းရေးမှူး

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၇/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ လ ၁၀၅၆၇၉ ရဲအုပ် ဘီအေဇက် အား ဒုတိယရဲမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ရဲအရာရှိအမှတ် ရဲ ၇၉၁၆ သတ်မှတ်ကာ လက်ရှိတပ်ဖွဲ့၌ပင် တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၀/၂၀၂၂)**

ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းဝင်း (ပ/၅၄၃၀) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ဇွန်လ ၂၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၂ ဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ လွှဲပြောင်း အမှုထမ်းဆောင်ခွင့်ပြုခဲ့သည့် အမှတ် (၅၃၉) ခြေမြန်တပ်ရင်းမှ ကြည်း ၆၃၂၈၅ ဗိုလ်ကြီး ပြည့်ဖြိုးလင်း အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်ဖြင့် ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၄/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး (ညွှန်ကြားရေးမှူး) ဦးသိန်းဇော် (ပ/၅၄၃၄) အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှစ၍ တနင်္သာရီ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၅/၂၀၂၂)**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးကျော်သူရ (ပ/၄၇၅၇) အား ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-

၃၉၄,၁၀၀) ရာထူးအဆင့်သို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး ကောလင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အုပ်ချုပ်ရေးမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အခွန်အယူခံခုံအဖွဲ့**

**၂၀၂၁ ခုနှစ်၊ အကောက်ခွန်အယူခံမှုအမှတ် – ၆**

| **လျှောက်ထားသူ** | | **လျှောက်ထားခံရသူ** |
|---|---|---|
| YA XUN Co., LTD<br>ဝင်ပေါက် (၈)၊ အမှတ် No.MB1,<br>ပထမထပ်၊ ယုဇနပလာဇာ၊ ရန်ကုန်တိုင်းဒေသကြီး။<br>ဦးဆန်းမြင့် (ကုမ္ပဏီကိုယ်စားလှယ်)<br>၁၃/ကမန (နိုင်) ၁၃၉၁၈၇<br>အမှတ် (၁၇)၊ ဂန္ဓမာလမ်း၊<br>ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊<br>တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | နှင့် | အကောက်ခွန်ဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီး |
| လျှောက်ထားသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးရွှေမင်း၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် လိုက်ပါ ဆောင်ရွက်သည့်ပုဂ္ဂိုလ် | – | ဦးပိုင်သူမိုးအောင် (ဦးစီးအရာရှိ)<br>အကောက်ခွန်ဦးစီးဌာန |
| အမိန့်ချမှတ်သည့်ရက်စွဲ | – | ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက် |

**စီရင်ချက်**

အမှုမှာ ၁၉–၈–၂၀၂၀ ရက်နေ့ (၀၈:၃၀) နာရီ အချိန်ခန့်တွင် တိုက်အမှတ် (၁/၁၂၇)၊ မြေညီ (ဘီ) စံပယ်လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ တိုက်ခန်းကို သတင်းအရ အကောက်ခွန်ဦးစီးဌာနမှ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေး ခဲ့ရာ တရားဝင် အခွန်ပေးဆောင်ထားသော စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသည့် တရားမဝင် တင်သွင်းထားသော Mi Flat TV 32″ (460) U, Mi Flat TV 43″ (505) U, Mi Flat TV 55″ (16) U, Mi Flat TV 65″ (100) U, စုစုပေါင်း TV (၄) မျိုး၊ (၁၀၈၁) လုံး၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၅၆,၈၀၀,၀၀၀ ခန့်ကို အမှုတွဲဖွင့်လှစ်အရေးယူခဲ့ပြီး ပိုင်ရှင်ဖြစ်သူထံသို့ တရားမဝင် တင်သွင်းထားသောပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်အတွက် အရေးမယူထိုက်ကြောင်း လာရောက်ထုချေရှင်းလင်းရန် အကြောင်းကြားခဲ့ရာ ပိုင်ရှင်ဖြစ်သူမှ ပြန်လည်ဖြေရှင်းတင်ပြရာ၌ တင်ပြခဲ့သော သွင်းကုန်ကြေညာလွှာများဖြင့် YX Mobile ကုမ္ပဏီအမည်ဖြင့် တင်သွင်းထားသော သွင်းကုန်ကြေညာလွှာမှာလည်း စစ်ဆေးတာဆီး အမှုတွဲဖွင့်လှစ်ခဲ့သော ရက်စွဲအတွင်း အကျုံးဝင်မှုမရှိခြင်းတို့အပြင် အခင်းဖြစ်ပစ္စည်းပိုင်ရှင်မှ ထွက်ဆိုသော မှုခင်းဆိုင်ရာ ထွက်ဆိုချက်တွင် တရားဝင်

အခွန်ငွေများပေးဆောင်၍ တင်သွင်းခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသည့်အတွက် တင်သွင်းလာသော ထုချေလွှာအား ပလပ်ခဲ့ပြီး အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား ရွေးယူသတ်မှတ်ဒဏ်ကြေးနှင့် ကျသင့်ခွန်များ ပေးဆောင်၍ ရွေးယူခွင့်ပြုမည်ဖြစ်ကြောင်း ၁၄-၁၁-၂၀၂၀ ရက်နေ့တွင် အကြောင်းကြားခဲ့သော်လည်း ပိုင်ရှင်မှလာရောက်ရွေးယူခြင်းမရှိသည့်အတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇(၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းအပေါ် ကျေနပ်မှုမရှိသဖြင့် အခွန်အယူခံခုံအဖွဲ့သို့ အယူခံ လျှောက်ထားလာသော အမှုဖြစ်ပါသည်။

လျှောက်ထားသူ (ကိုယ်စား) တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း က လျှောက်လဲတင်ပြရာ၌ အမှုမှာ ၁၉-၈-၂၀၂၀ ရက်နေ့ (၁၈:၃၀) နာရီအချိန်ခန့်တွင် တိုက်အမှတ် (၁/၁၂၇)၊ မြေညီ (ဘီ) စံပယ်လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိတိုက်ခန်းကို အကောက်ခွန် ဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များပါဝင်သောအဖွဲ့မှ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ကြရာ တရားဝင် အခွန်ပြေစာအထောက်အထားစာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိသည့် Mi Flat TV 32″ (460) U, Mi Flat TV 43″ (505) U, Mi Flat TV 55″ (16)U, Mi Flat TV 65″(100)U, စုစုပေါင်း TV (၄) မျိုး၊ (၁၀၈၁) လုံး၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၅၆,၈၀၀,၀၀၀ ခန့်ကို တွေ့ရှိသဖြင့် အကောက်ခွန်အမှုတွဲဖွင့်လှစ်နိုင်ရန် အခင်းဖြစ် ပစ္စည်းများအား သိမ်းဆည်းသွားခဲ့ခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်အတွက် အရေးမယူထိုက်ကြောင်း ထုချေဖြေရှင်းရန် အကြောင်းကြားခဲ့ရာ ဦးဆန်းမြင့် (အရောင်းမန်နေဂျာ) မှ တာဝန်ယူပြီး ၎င်းတတ်စွမ်းသမျှ ဖြေရှင်းတင်ပြခဲ့ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများမှာ တားမြစ်ကန့်သတ် ကုန်ပစ္စည်းမဟုတ်၍ ဒဏ်ကြေးအသင့်အတင့်ဖြင့် ပြန်လည်ရွေးယူရလိမ့်မည်ဟူသောအထင်ဖြင့် ဖြေရှင်း တင်ပြခဲ့ခြင်းသာဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ရှင်းလင်းတင်ပြခဲ့ရာတွင် အချို့သောသွင်းကုန်ကြေညာလွှာ များမှာ အခြားကုမ္ပဏီအမည်များဖြင့်ဖြစ်သော်လည်း ကုန်ရောင်းကုန်ဝယ်သဘောအရ တစ်ဆင့် ပြန်လည် ဝယ်ယူထားသော ပစ္စည်းများလည်းပါရှိပါကြောင်း၊ လျှောက်ထားသူ YX Mobile Limited အမည်ဖြင့် တင်သွင်းထားသော သွင်းကုန်ကြေညာလွှာများမှာ တားဆီးအမှုဖွင့်လှစ်ထားသော ရက်စွဲများအတွင်း အကျုံးဝင်ခြင်းမရှိဟု သုံးသပ်ပြီး သိမ်းဆည်းခံခဲ့ရခြင်းဖြစ်ပါကြောင်း၊ YX Mobile Limited အမည်ဖြင့် တရားဝင်အခွန်ပေးဆောင်၍ တင်သွင်းထားခြင်းမရှိဟု အကောက်ခွန်ဦးစီးဌာန၏ သုံးသပ်ချက်မှာ မှားယွင်း နေပါကြောင်း၊ မိမိတို့ကုမ္ပဏီမှ အလားတူပစ္စည်းများ တင်သွင်းမှုမရှိဆိုသည့် သုံးသပ်ချက်ဖြင့် ရွေးယူဒဏ်ကြေး (CT+CD)+ RF (1AV) မှာ ပြင်းထန်လွန်းသောကြောင့် ကုမ္ပဏီအနေဖြင့် ရွေးယူခြင်းမပြုနိုင်ခဲ့ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းအပေါ် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၈ အရ ယခုကဲ့သို့ အယူခံခုံအဖွဲ့ရုံးတော်သို့ တင်သွင်းလျှောက်ထားရခြင်းဖြစ်ပါကြောင်း၊ အယူခံအကြောင်းပြချက်များအနက် ရုံးတော်သို့ ဦးစွာ တင်ပြလိုသောအချက်မှာ လျှောက်ထားသူ ဦးဆန်းမြင့်သည် YX Mobile Co., Ltd ၏ (အရောင်းမန်နေဂျာ) ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား သိမ်းဆည်းသွားသောတိုက်ခန်းမှာ ကုမ္ပဏီမှ အရောင်းပစ္စည်းများ သိုလှောင်ထားသောတိုက်ခန်းဖြစ်ပါကြောင်း၊ အခင်းဖြစ် TV (၄) မျိုးမှာ ပြည်တွင်းသို့တင်သွင်းခြင်းကို တားမြစ်ကန့်သတ်ထားသောပစ္စည်းများမဟုတ်ဘဲ လိုင်စင်ရှိလျှင် လိုသလောက် တင်သွင်းခွင့်ရှိသော ပစ္စည်းများဖြစ်ပါကြောင်း၊ ၎င်းပစ္စည်းများအပေါ် ဒဏ်ကြေးတပ်ရိုက်မှုမှာ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတမှုရှိစေသင့်ပါကြောင်း၊ နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ဖြစ်သော ပြစ်မှုဆိုင်ရာဥပဒေအရ

အပြစ်ပေးသောအမှုများတွင်ပင် ပြစ်ဒဏ်ချမှတ်ရာ၌ အနည်းဆုံးပမာဏ (Minimum) နှင့် အများဆုံးပမာဏ (Maximum) ဟူ၍ ပြဋ္ဌာန်းထားရှိပါကြောင်း၊ ဖြစ်စဉ်အရ နိုင်ငံတော်၏ အခွန်ထမ်းကုမ္ပဏီတစ်ခုအပေါ် ချမှတ်ထားသော ပြစ်ဒဏ်မှာ (CT+CD) + RF (1AV) ဖြစ်၍ ပြစ်ဒဏ်မှာ လွန်စွာမြင့်မားနေပြီး အမြင့်ဆုံး ပြစ်ဒဏ် (Maximum) ဖြစ်နေပါကြောင်း၊ မိမိတို့ကုမ္ပဏီအနေဖြင့် အဆိုပါဒဏ်ကြေးငွေများ မပေးသွင်းနိုင်၍ ပစ္စည်းများ ပြန်လည်မရွေးယူခြင်းဖြစ်ရာ “ပေးကားပေး၏ မရ” ဆိုသကဲ့သို့ ဖြစ်နေရပါကြောင်း၊ အခွန်ထမ်း ကုမ္ပဏီတစ်ခုအပေါ် ညှာတာထောက်ထားသောအားဖြင့် အဆိုပါဒဏ်ကြေး (1AV) အစား ရုံးတော်၏ ဆင်ခြင်တုံတရားဖြင့် သင့်လျော်သော ဖြေလျှော့ဒဏ်ကြေးဖြင့် ပြန်လည်ပြင်ဆင်လျှော့ပေါ့ သတ်မှတ် ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း၊ YX Mobile Co., Ltd ကုမ္ပဏီသည် နိုင်ငံတော်မှ တရားဝင် အသိအမှတ် ပြုထားသော ကုမ္ပဏီမှတ်ပုံတင်အမှတ်–109944815 (26–11–2018) ကို ကိုင်ဆောင်ထားသော ကုမ္ပဏီတစ်ခု ဖြစ်ပါကြောင်း၊ အလားတူ သွင်းကုန်ထုတ်ကုန်လုပ်ငန်းလိုင်စင်အမှတ် 109944815 (31–5–2019) ဖြင့် တရားဝင်ခွင့်ပြုချက် လုပ်ငန်းလိုင်စင်ရရှိထားသော အခွန်ထမ်းကုမ္ပဏီတစ်ခုလည်းဖြစ်ပါကြောင်း၊ အခင်းဖြစ် ကာလမှ ယခုအချိန်ထိ COVID–19 ကူးစက်ရောဂါကပ်ဆိုးကြီးကြောင့် တစ်နိုင်ငံလုံး စီးပွားရေးအခြေအနေ ကျဆင်းနေသဖြင့် ယခုအချိန်တွင် ကုမ္ပဏီဝန်ထမ်းများအား ဝန်ထမ်းလစာပေးရန်ပင် လွန်စွာအခက်အခဲ ဖြစ်နေရပါကြောင်း၊ ထို့အပြင် အခင်းဖြစ် TV (၄) မျိုးမှာလည်း တစ်လနှင့် တစ်လ တစ်နှစ်နှင့် တစ်နှစ် အချိန်ကာလကြန့်ကြာလာသည်နှင့်အမျှ Model အနိမ့်အမြင့်ကွာခြားသွားပြီး ဈေးနှုန်းများမှာလည်း တစ်နေ့ထက် တစ်နေ့ ကျဆင်းနေသည့် အချက်ကိုလည်း ရုံးတော်မှ အလေးအနက်ထား၍ ထည့်သွင်း စဉ်းစားပေးသင့်ပါကြောင်း၊ အလေးအနက်တင်သွင်းလိုသောအချက်မှာ အခင်းဖြစ် TV (၄) မျိုးမှာ နယ်စပ်ဒေသဖြစ်သော မူဆယ်၊ တာချီလိတ်၊ မြဝတီ စသည့်ဒေသများမှ တင်သွင်းလာစဉ် ဖမ်းဆီးရမိသော ပစ္စည်းများ မဟုတ်သည့်အချက်ကို တင်ပြလိုပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများမှာ နိုင်ငံတော်၏ အထင်ကရ မြို့ကြီးများဖြစ်သော ရန်ကုန်၊ မန္တလေးမြို့များရှိ လျှောက်ထားသူတို့၏ ကုမ္ပဏီရုံးခွဲသိုလှောင်ရုံများမှ သိမ်းဆည်းသွားခြင်းဖြစ်ကြောင်း၊ ၎င်းတို့၏ သိမ်းဆည်းအမိန့်စာတွင် အတိအလင်းဖော်ပြထားပြီးဖြစ်ပါ ကြောင်း၊ သို့ဖြစ်ရာ ပြည်တွင်းသို့ ရောက်ရှိပြီးသားပစ္စည်းများအား ရန်ကုန်မြို့ရှိ ကုမ္ပဏီမှ မန္တလေးမြို့ရှိ ကုမ္ပဏီရုံးခွဲသို့ ပေးပို့ရောင်းချခိုင်းသည့် သဘောဖြစ်၍ ကုန်သွယ်မှုသဘောသဘာဝအရ အရောင်းသွက်/ အရောင်းထိုင်း ပစ္စည်းများအား ပြည်တွင်း တစ်နေရာမှတစ်နေရာ တစ်မြို့မှတစ်မြို့သို့ ဈေးကွက်လိုအပ်ချက် အပေါ်မူတည်၍ ရန်ကုန်နှင့် မန္တလေး အပြန်အလှန်အဆင့်ဆင့်ပေးပို့ရောင်းချသည့် အလေ့အထရှိကြသည် ဖြစ်ရာ ယင်းအချက်များကိုပါ ရုံးတော်မှ ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းစဉ်းစားသုံးသပ်ပေးမှသာ ကုမ္ပဏီ၏ နစ်နာမှုအပေါ် ပြန်လည်ကုစားပေးနိုင်မည်ဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ ဒဏ်ငွေတပ်ရိုက်ခြင်း ပြစ်ဒဏ်မှာ များလွန်းနေပါသဖြင့် သက်ညှာစွာ ပြန်လည်စဉ်းစားပေးပါရန် တင်ပြအပ်ပါကြောင်း၊ ဥပမာအားဖြင့် ပြစ်မှုတစ်ခုတွင် ထောင်ဒဏ် အနည်းဆုံး (၁) နှစ်မှ အများဆုံး (၅) နှစ်အထိ ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်း ထားလျှင် ပြစ်မှုအတိမ်အနက်ကို ချိန်ဆ၍ ပြစ်ဒဏ်ကို (၁) နှစ်မှ (၂) နှစ် (၃) နှစ် စသည်ဖြင့်သာ ချမှတ်လေ့ ရှိပါကြောင်း၊ ခွင့်မလွှတ်နိုင်သော ပြစ်ဒဏ်မျိုးတွင်သာ အမြင့်ဆုံး (၅) နှစ် ပြစ်ဒဏ်ကို ချမှတ်လေ့ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ရာဇဝတ်ပြစ်မှုဆိုင်ရာမှုခင်းများတွင်ပင် စီရင်ချမှတ်ရာ၌ အနည်းဆုံးနှင့် အများဆုံးပြစ်ဒဏ်ကြားတွင် သင့်တင့်မျှတသော ပြစ်ဒဏ်ကို သက်ညှာစွာ စဉ်းစားပြီး ချမှတ်လေ့ရှိပါကြောင်း၊ တရားမကြောင်းဆိုင်ရာ အမှုများတွင် အပြင်းထန်ဆုံး (Maximum) ဖြစ်သော (CT+CD) + ရွေးယူဒဏ်ငွေ (စည်းကြပ်တန်ဖိုး) ၏ တစ်ဆ (1AV) ပြစ်ဒဏ်မှာ ပြစ်မှုနှင့် ပြစ်ဒဏ် မျှတမှုမရှိပါကြောင်း၊ တစ်နိုင်ငံလုံး ကျန်းမာရေးပြဿနာများ ဖိစီးနှိပ်စက်မှုခံနေရသည့်အချိန်တွင် ကာလဒေသအခြေအနေပေါ်မူတည်ပြီး အခွန်ထမ်းကုမ္ပဏီတစ်ခုအပေါ် ညှာတာထောက်ထားသောအားဖြင့် ဖြေလျှော့ပြစ်ဒဏ်များ ပြင်ဆင်ချမှတ်ပေးပါရန် အသနားခံတင်ပြ အပ်ပါကြောင်း၊ “ဆိုရေးရှိက ဆိုတတ်လှစွာ” ဆိုသကဲ့သို့ရုံးတော်သို့သာဓက ထပ်မံတင်ပြလိုသောအချက်များမှာ

အကောက်ခွန်အယူခံမှုအမှတ် (၄၁/၂၀၁၉)၊ (၄၂/၂၀၁၉) နှင့် (၄၃/၂၀၁၉) အယူခံမှုများတွင် ရွေးယူဒဏ်ကြေး (1AV) တပ်ရိုက်ခဲ့ခြင်းအပေါ် ဒဏ်ကြေးများလွန်း၍ မပေးဆောင်နိုင်သဖြင့် အခွန်အယူခံခုံအဖွဲ့သို့ အယူခံတင်သွင်းခဲ့ရာ ရုံးတော်မှ အဆိုပါ (1AV) ဒဏ်ကြေးအစား ၎င်းဒဏ်ကြေး (စည်းကြပ်တန်ဖိုး၏) ၃၅ ရာခိုင်နှုန်းဖြင့် ဒဏ်ကြေးပေးဆောင်၍ ပြန်လည်ရွေးယူခွင့်ပြုသည့် ဖြေလျှော့ပြစ်ဒဏ်ကို ပြန်လည်ပြင်ဆင်ချမှတ်ပေးခဲ့သော သာဓကရှိပါကြောင်း၊ အလားတူ အကောက်ခွန်အယူခံမှုအမှတ် (၆၇/၂၀၁၈) ဦးစိုးမင်း (MD) အမှုတွင်လည်း အကောက်ခွန်ဦးစီးဌာနမှ ချမှတ်ပေးသော စည်းကြပ်တန်ဖိုး၏ တစ်ဆဖြစ်သော RF (1AV) ဒဏ်ကြေးများ မပေးသွင်းနိုင်သဖြင့် ရုံးတော်သို့ အယူခံဝင်ရောက်ခဲ့ရာ အဆိုပါ (1AV) အစား ၎င်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းကို ဒဏ်ကြေးပေးဆောင်၍ ပြန်လည်ရွေးယူခွင့်ပြုခဲ့သည့် သာဓကများရှိခဲ့ပါကြောင်း၊ အခင်းဖြစ်ပစ္စည်း TV (၄) မျိုးမှာ ပြည်တွင်းသို့ တင်သွင်းခြင်းမပြုရန် တားမြစ်ပိတ်ပင်ကန့်သတ်ထားသောပစ္စည်းများ လုံးဝမဟုတ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ တွင် "တင်သွင်းတင်ပို့နိုင်သောကုန်ပစ္စည်းများ ပိတ်ပင်တားမြစ် သို့မဟုတ် ကန့်သတ်ပိုင်ခွင့်အာဏာ" ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများမှာ ပြည်တွင်းသို့ တင်သွင်းခြင်းကို တားမြစ်ပိတ်ပင်ကန့်သတ်ထားသော ကုန်ပစ္စည်းများမဟုတ်ဘဲ အခွန်ပြေစာအထောက်အထားများ တင်ပြနိုင်ခြင်းမရှိသည့်အတွက် တားဆီးထိန်းသိမ်းခြင်းခံရသော ပစ္စည်းများသာဖြစ်ပါကြောင်း၊ မိမိတို့ပစ္စည်းများ သိုလှောင်ထားရှိသည့်တိုက်ခန်းသို့ ဝင်ရောက်ရှာဖွေခြင်းခံရသည့်အနေအထားမှာလည်း မသမာသော စီးပွားရေးပြိုင်ဘက်များ၏ သတင်းပေးတိုင်ကြားချက်ကြောင့် "သတင်းအရ" ဝင်ရောက်ရှာဖွေခြင်းဖြစ်ကြောင်း အမိန့်စာတွင် ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ TV နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချနေသော မည်သည့်အရောင်းဆိုင်တွင်မဆို ယခုကဲ့သို့ သွင်းကုန်လိုင်စင်အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပစ္စည်းအမြောက်အမြား ရှိနေမည်သာဖြစ်ပါကြောင်း၊ တစ်ပိုင်တစ်နိုင်ဝယ်ယူထားသော ပစ္စည်းများရှိနေသောကြောင့်ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် စီးပွားရေးကျပ်တည်းမှုကြောင့် ပြန်လည်ရောင်းချလာသော ပစ္စည်းများလည်း အများအပြားရှိနေသည်ကို တင်ပြအပ်ပါကြောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ ပါ ပြဋ္ဌာန်းချက်အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အခါတိုင်းတွင် သိမ်းဆည်းရန် စီရင်ဆုံးဖြတ်သော အရာရှိသည် ပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည့်အစား ၎င်းအရာရှိက "သင့်လျော်ထင်မြင်သည့် ဒဏ်ငွေကို ပစ္စည်းပိုင်ရှင်က ပေးဆောင်လျှင် ရွေးယူခွင့်ပြုနိုင်သည်" ဟု ပြဋ္ဌာန်းထားရှိပါကြောင်း၊ "သင့်လျော်ထင်မြင်သည့် ဒဏ်ငွေ" (Reasonable amount) ဆိုသည်မှာ ၎င်းဒဏ်ငွေသည် နိုင်ငံတော်အတွက်လည်း ထိုက်သင့်သောအခွန်အခများရရှိမည်ဖြစ်ပြီး အခွန်ထမ်းကုမ္ပဏီအတွက်လည်း ထိုက်သင့်သောသက်သာခွင့်များ ရရှိနိုင်မည့်အခြေအနေမျိုးကို ဆိုလိုရင်းဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် "ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ" ဆိုသည့် အခြေအနေမျိုး ဥပဒေအရ "တရားမျှတမှုနှင့် သာတူညီမျှမှု" ကို အခြေခံ၍ ဆုံးဖြတ်သင့်ပါကြောင်း၊ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၇ (၁) တွင် လိုအပ်လျှင် အယူခံရုံးသည် ယင်းသက်သေခံချက် သို့မဟုတ် စာချုပ်စာတမ်းကို တင်ပြခွင့်ပြုနိုင်သည် သို့မဟုတ် သက်သေကို စစ်ဆေးခွင့်ပြုနိုင်သည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ တင်ပြရခြင်းဖြစ်ပါကြောင်း၊ လျှောက်ထားသူ၏ ကုမ္ပဏီသည် ဟောင်ကောင်ရှိ ပင်မကုမ္ပဏီ YX Mobile Co., Ltd ၏ လက်ခွဲကုမ္ပဏီငယ်တစ်ခုဖြစ်ပါကြောင်း၊ အခင်းဖြစ် TV များကို မူဆယ်၊ တာချီလိတ်၊ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း၊ တင်သွင်းရာတွင် မူဆယ်၊ မြဝတီမြို့ရှိ ကုမ္ပဏီ၏ Agent ဖြစ်သူက တင်သွင်းပြီး ကျသင့်အကောက်ခွန်များ ပေးဆောင်၍ ရန်ကုန်မြို့လျှောက်ထားသူကုမ္ပဏီထံ အရောက်ပို့ဆောင်ရခြင်းဖြစ်ပါကြောင်း၊ YX Mobile Co.,Ltd မှ တင်သွင်းခဲ့သော TV များကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ တိုက်ခန်းများမှ ရှာဖွေသိမ်းဆည်းခြင်းဖြစ်၍လည်းကောင်း၊ ကုမ္ပဏီတစ်ခုတည်းထံမှ သိမ်းဆည်းခြင်းဖြစ်၍လည်းကောင်း ယခုတင်ပြသည့် သွင်းကုန်ကြေညာလွှာများ၊ Invoice များတွင်

ပါရှိသော TV အမျိုးအစား၊ အရေအတွက် စသည်တို့သည် ထွေးရောယှက်တင်ဖြစ်နေပါသဖြင့် သိမ်းဆည်းသည့် အရေအတွက်နှင့် တင်ပြသည့် အထောက်အထားများပါ အရေအတွက်တို့ ကွဲလွဲမှုရှိနေနိုင်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ သိမ်းဆည်းမိန့်များတွင် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ယင်းအက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ လည်းကောင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပုဒ်မ ၇ (၁) အရလည်းကောင်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ကြောင်း ဖော်ပြထားပါကြောင်း၊ ပုဒ်မ ၁၉ နှင့် ပုဒ်မ ၅ (၃) တို့ဖြင့် အရေးယူခြင်းသည် မြန်မာနိုင်ငံ ရေဆိပ်၊ လေဆိပ်၊ နယ်စပ် ဝင်ထွက်ပေါက်များမှ တရားမဝင်တင်သွင်းသယ်ဆောင်မှုပြုလုပ်ချိန်၌ ဖမ်းဆီးရမိမှုအပေါ် အရေးယူသည့် ပုဒ်မများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ရောက်ရှိနှင့်ပြီးသော ကုန်ပစ္စည်းများကို ယင်းပုဒ်မများဖြင့် အရေးယူခြင်းသည် မှားယွင်းကြောင်း နိုင်ငံတော်တရားရုံးချုပ်က စီရင်ဆုံးဖြတ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဦးမောင်မောင်၊ ၁၉၆၇ (ရုံးချုပ်) မတစ၊ စာ–၄၈၀ စီရင်ထုံးတွင် “ရွှေကြိုးများသည် နိုင်ငံခြားလုပ်ဖြစ်စေကာမူ အယူခံတရားခံအိမ်မှ ရရှိရုံနှင့် နိုင်ငံခြားမှ ခိုးသွင်းယူလာသည်ဟု မည်သို့မျှမဆိုနိုင်ပေ။ ဤသို့သာ ယူဆရမည်ဆိုလျှင် ယခုအခါ ပါတိတ်လုံချည်ဝတ်ဆင်သော အမျိုးသမီးအားလုံးတို့ကို ဖမ်းချုပ်တရားစွဲပြီး ထောင်ချရမည်သာရှိပေသည်။ ဤကား ဥပဒေမဟုတ်။ နိုင်ငံခြားငွေကြေးလဲလှယ်ရေး စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၉ (၁) သော်လည်းကောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ သော်လည်းကောင်း ပိုင်ဆိုင်ခြင်းကို ပြစ်မှုဟု မဆိုလို၊ ပြည်တွင်းသို့ ယူဆောင်ခိုးသွင်းခြင်းကိုသာဆိုသည်။ အယူခံတရားခံသည် ပြည်တွင်းသို့ ဤသက်သေခံပစ္စည်းများကို ယူဆောင်တင်သွင်းလာသည်ဟု သက်သေ ထွက်ဆိုချက် တစိုးတစိမျှမရှိ။ ပစ္စည်းတစ်ခုခုကို လုပ်သားပြည်သူ တစ်ဦးတစ်ယောက်ထံမှ တွေ့ရှိရုံမျှနှင့်ပင် နိုင်ငံခြားမှ ခိုးသွင်းလာခဲ့သည်ဟု မဆိုနိုင်ပေ” ဟု ဆုံးဖြတ်ခဲ့ပါကြောင်း၊ အယူခံရုံးက တရားသေလွှတ်မှုအပေါ် အစိုးရက အယူခံဝင်ရာ တရားရုံးချုပ်က အယူခံကို ပလပ်ပြီး အထက်ပါအတိုင်း စီရင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤစီရင်ထုံးကို ကိုးကားခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကိုကောက်ယူ၍ စီရင်ထုံးဖွဲ့ထားခြင်းဖြစ်သောကြောင့် ယခုဖြစ်စဉ်နှင့် ပစ္စည်းအမျိုးအစားမတူညီသော်လည်း ဖြစ်စဉ်တူညီပါကြောင်း၊ ပြည်တွင်း၌ တရားဝင်ပိုင်ဆိုင်ထားပြီး ခိုးသွင်းလာခြင်းမရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထပ်မံတင်ပြချက်၌ ဖော်ပြထားသည့် စီရင်ထုံးတွင်လည်း ပြည်တွင်းရောက်ရှိပြီး ပစ္စည်းများနှင့်ပတ်သက်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ဖြင့် အရေးယူခြင်းသည် မှားယွင်းသည်ဟု ဖော်ပြထားပါကြောင်း၊ ဤအမှုသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေနှင့် အရေးယူခြင်းထက် ပြည်တွင်းအခွန်များဦးစီးဌာန၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် အရေးယူခြင်းသည် တရားမျှတမှုရှိပါကြောင်း၊ ပြည်တွင်းရောက်ရှိပြီးပစ္စည်းများသည် ပြည်တွင်းအခွန်ဖြင့်သာ သက်ဆိုင်ပါကြောင်း၊ အကောက်ခွန်နှင့် မသက်ဆိုင်ပါကြောင်း၊ အကောက်ခွန်သည် ပြည်တွင်း ပြည်ပ ဝင်ထွက်ပေါက် import/ export boder line တွင်သာ enforce ရှိပါကြောင်း၊ ပြည်တွင်းရောက်ရှိပြီးသား ပစ္စည်းများသည် ပြည်တွင်း အခွန်နှင့်ဆိုင်သော ဥပဒေများဖြင့်သာ အရေးယူခြင်းသည် တရားမျှတမှုရှိပါကြောင်း၊ လျှောက်ထားသူ၏ ကုမ္ပဏီထံမှ ရှာဖွေသိမ်းဆည်းအရေးယူထားသော ပစ္စည်းအားလုံး (Phone/TV အပါအဝင်) တို့တွင် Mi Brand တစ်မျိုးတစ်စားတည်းသာဖြစ်ကြောင်း တွေ့ရှိရသဖြင့် တရားမဝင် တင်သွင်းထားခြင်းမဟုတ်သည်မှာ မြင်သာပါကြောင်း၊ ဤမျှ များပြားသော အရေအတွက်ကို နယ်စပ်ဒေသများမှ ခိုးသွင်းရန်လည်း လွယ်ကူလှမည်မဟုတ်ပါကြောင်း၊ မန္တလေးသို့ မူဆယ်လမ်းကြောင်း၊ တာချီလိတ်လမ်းကြောင်းတစ်လျှောက် Entry Point Station များ ရှိသကဲ့သို့ Check Point Station များလည်း များစွာရှိပါကြောင်း၊ ရန်ကုန်၊ မြဝတီလမ်း၌လည်း ထိုသို့ရှိပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများကို ရွေးယူဒဏ်ကြေး (CT+CD)+RF (1AV) ဒဏ်ကြေးအစား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ သင့်တင့်မျှတသော

ဒဏ်ကြေးဖြင့် ပြန်လည်ရွေးယူခွင့်ပြုခဲ့သည့် ယခင်သာဓကများကို ထောက်ရှု၍ အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့၏ ၁၄-၁၂-၂၀၂၀ ရက်စွဲပါ အမိန့်စာအမှတ် ၁၁-ကက (ကင်း)/၂၀၂၀ (၀၀၁-က) ဖြင့် သိမ်းဆည်းထားသည့်အမိန့်ကိုပြင်ဆင်၍ သင့်လျော်သည့်ဒဏ်ကြေးဖြင့် ဖြေလျှော့တပ်ရိုက်ပြီး ပြန်လည်ရွေးယူခွင့်ပြုသည့်အမိန့်တစ်ရပ်ချမှတ်ပေးပါရန် တင်ပြထားပါသည်။

လျှောက်ထားခံရသူကိုယ်စား ဌာနဆိုင်ရာကိုယ်စားလှယ်ဦးပိုင်သူမိုးအောင်မှချေပလျှောက်လဲရာ၌ ၁၉-၈-၂၀၂၀ ရက်နေ့ (၀၈:၃၀) နာရီအချိန်ခန့်တွင် တိုက်အမှတ် (၁/၁၂၇)၊ မြေညီ (ဘီ) စံပယ်လမ်း၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိတိုက်ခန်းကို သတင်းအရ အကောက်ခွန်ဦးစီးဌာနမှ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ တရားဝင် အခွန်ပေးဆောင်ထားသော စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် တရားမဝင် တင်သွင်းထားသော Mi Flat TV 32″ (460) U, Mi Flat TV 43″ (505) U, Mi Flat TV 55″ (16) U, Mi Flat TV 65″ (100) U, စုစုပေါင်း TV (၄) မျိုး၊ (၁၀၈၁) လုံး၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၅၆,၈၀၀,၀၀၀ ခန့်ကို စစ်ဆေးတွေ့ရှိရသဖြင့် တင်သွင်းခွင့်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင် တင်သွင်းလာခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တို့အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်သောကြောင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ရခြင်းဖြစ်ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းပိုင်ရှင်က ရွေးယူဒဏ်ငွေများပေးဆောင်၍ ပြန်လည်ရွေးယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာသောကြောင့် တန်ဖိုးသတ်မှတ်ရေးအဖွဲ့ဖြင့် တန်ဖိုးသတ်မှတ်ခဲ့ပြီး BOD သို့ တင်ပြခဲ့ရာ BOD မှ တန်ဖိုးသတ်မှတ်ရေးအဖွဲ့ဖြင့် သတ်မှတ်ခဲ့သော တန်ဖိုးပေါ်တွင် အခြေခံတွက်ချက်ထားသည့်ဒဏ်ကြေးနှင့် ကျသင့်အခွန်များပေးဆောင်၍ ရွေးယူခွင့်ပြုမည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့သဖြင့် ပစ္စည်းပိုင်ရှင်ထံသို့ ရွေးယူနိုင်ရေးအတွက် အကြောင်းကြားခဲ့ရာ ပိုင်ရှင်မှ တန်ဖိုးသတ်မှတ်ရေးအဖွဲ့၏ သတ်မှတ်ထားသောဈေးနှုန်းအား ပြန်လည်သုံးသပ်ပေးပါရန် တင်ပြလျှောက်ထားလာသည့်အတွက် BOD သို့ ထပ်မံတင်ပြခဲ့ရာ BOD မှ အတည်ပြု သတ်မှတ်ထားသော ဒဏ်ကြေးနှင့် ကျသင့်ခွန်များအတိုင်းပေးဆောင်ရန် ဆုံးဖြတ်ခဲ့သဖြင့် အမြန်ဆုံး လာရောက်ရွေးယူရန် ၁၄-၁၁-၂၀၂၀ ရက်နေ့တွင် ပစ္စည်းပိုင်ရှင်ထံ အကြောင်းကြားခဲ့သော်လည်း လာရောက်ရွေးယူခြင်းမရှိသည့်အတွက် ဖမ်းဆီးရမိသောအခင်းဖြစ် TV (၄) မျိုးအား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ အကောက်ခွန်ဦးစီးဌာနကာကွယ်ရေးဌာနခွဲမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းအပေါ် ကျေနပ်မှု မရှိသဖြင့် လျှောက်ထားသူ YX Mobile Limited ၏ ကိုယ်စားလှယ်ဖြစ်သူ ဦးဆန်းမြင့်ကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်းက အခွန်အယူခံခုံအဖွဲ့သို့ အကောက်ခွန်အယူခံမှုလျှောက်ထားခဲ့ရာ အခွန်အယူခံခုံအဖွဲ့က ၂၆-၄-၂၀၂၁ ရက်နေ့တွင် အကောက်ခွန် အယူခံမှုအမှတ် ၆/၂၀၂၁ ဖြင့် လက်ခံအမှုဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများအား စတင်တားဆီးခဲ့စဉ်က ပိုင်ရှင်ဖြစ်သူထံသို့ တရားမဝင် တင်သွင်းထားသောပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်အတွက် အရေးမယူထိုက်ကြောင်းလာရောက် ထုချေရှင်းလင်းရန် အကြောင်းကြားခဲ့ရာ ပိုင်ရှင်ဖြစ်သူမှ ပြန်လည်ထုချေရှင်းလင်းတင်ပြရာ၌ တင်သွင်းခွင့် အထောက်အထားစာရွက်စာတမ်းများအဖြစ် တင်ပြခဲ့သော သွင်းကုန်ကြေညာလွှာ (ID) များမှာ အခြား ကုမ္ပဏီအမည်များဖြင့် တင်သွင်းထားသော သွင်းကုန်ကြေညာလွှာ (ID) များဖြစ်နေခြင်းနှင့် ပစ္စည်းပိုင်ရှင်၏ ကုမ္ပဏီဖြစ်သည့် YX Mobile Limited အမည်ပါရှိသော သွင်းကုန်ကြေညာလွှာ (ID.NO) A45547 မှာလည်း စစ်ဆေးတားဆီးခဲ့သည့် အခင်းဖြစ်ပစ္စည်းများနှင့် အကျုံးဝင်မှုမရှိခြင်း၊ ပစ္စည်းပိုင်ရှင်မှ ထွက်ဆိုသော မှုခင်းဆိုင်ရာထွက်ဆိုချက်တွင် တရားဝင်အခွန်ငွေများပေးဆောင်၍ တင်သွင်းခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသဖြင့် ပိုင်ရှင်ဖြစ်သူမှ ထုချေဖြေရှင်းသော

အချက်အလက်များအားလက်ခံစဉ်းစားခြင်းမရှိဘဲ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ တင်သွင်းလာသော အခင်းဖြစ်ပစ္စည်းများနှင့် စပ်လျဉ်း၍ YX Mobile Ltd. အမည်ဖြင့် ကြေညာဖော်ပြထားသောသွင်းကုန်ကြေညာလွှာ ID.No A45547 (18–8–2020) ကို အထောက်အထားအဖြစ် တင်သွင်းလာရာ အဆိုပါသွင်းကုန်ကြေညာလွှာတွင် ကြေညာဖော်ပြထားသည့် ပစ္စည်းအရေအတွက်မှာ Redmi 9 (200) U, Redmi K 30 4G (200) U, Redmi 9 4G (200) U ဖြစ်ပြီး တင်သွင်းလာသည့် နယ်စပ်ဝင်ပေါက်စခန်း (Port of Entry) မှာ မူဆယ်ဖြစ်၍ ပစ္စည်းတင်သွင်းလာသည့်နေ့ (Date of Entry) မှာ ၁၈–၈–၂၀၂၀ ရက်နေ့ ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် သွင်းကုန်ကြေညာလွှာ (ID) ဖွင့်လှစ်သည့်နေ့မှာလည်း ၁၈–၈–၂၀၂၀ ရက်နေ့ ဖြစ်ပါကြောင်း၊ ကုန်ပစ္စည်းများကို မော်တော်ယာဉ်ဖြင့် ရန်ကုန်မြို့သို့ သယ်ဆောင်လာခြင်းဖြစ်ရာ ရန်ကုန်မြို့နှင့် ခရီးမိုင်အားဖြင့် ၆၅၄ မိုင်ခန့်ဝေးကွာသော မူဆယ်မြို့မှ ၁၈–၈–၂၀၂၀ ရက်နေ့တွင် ထွက်ခွာလာမည်ဆိုပါကလည်း လမ်းခရီးအကွာအဝေးအရလည်းကောင်း၊ ကုန်သွယ်မှုလမ်းကြောင်းပေါ်ရှိ စစ်ဆေးရေးစခန်းများတွင် အစစ်ဆေးခံရမည်ဖြစ်သဖြင့်လည်းကောင်း၊ အဆိုပါကုန်ပစ္စည်းများမှာ ရန်ကုန်မြို့သို့ ၁၉–၈–၂၀၂၀ ရက်နေ့တွင် ရောက်ရှိနိုင်ရန် အကြောင်းမရှိသဖြင့် ရန်ကုန်မြို့ရှိ တိုက်ခန်းကို ၁၉–၈–၂၀၂၀ ရက်နေ့ နံနက် (၀၈:၃၀) နာရီအချိန်ခန့်တွင် စစ်ဆေးရေးအဖွဲ့မှ ဝင်ရောက်စစ်ဆေးစဉ်ဖမ်းဆီးခဲ့သည့် အခင်းဖြစ်ကုန်ပစ္စည်းများအတွက် အထောက်အထားအဖြစ် တင်ပြထားသော သွင်းကုန်ကြေညာလွှာ ID.No A45547 (18–8–2020) သည် ဖမ်းဆီးရမိခဲ့သည့် အခင်းဖြစ်ပစ္စည်းများနှင့် အကျုံးဝင်သက်ဆိုင်မှုမရှိပါကြောင်း၊ သွင်းကုန်ကြေညာလွှာ ID.No A45547 (18–8–2020) တစ်စောင်တည်းကိုပင် အခြားအမှုများဖြစ်သော အကောက်ခွန်အယူခံမှုအမှတ် (၅/၂၀၂၁)၊ (၇/၂၀၂၁) နှင့် (၈/၂၀၂၁) တို့တွင်လည်း အခွန်အယူခံခုံအဖွဲ့သို့ သက်သေခံတင်သွင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ ပစ္စည်းပိုင်ရှင်ဖြစ်သူမှ ရွေးယူဒဏ်ငွေများပေးဆောင်၍ ပြန်လည်ရွေးယူခွင့်ပြုပါရန် တင်ပြလျှောက်ထားလာခြင်းအပေါ် တန်ဖိုးသတ်မှတ်ရေးအဖွဲ့ဖြင့် တန်ဖိုးသတ်မှတ်ခဲ့ပြီး BOD သို့ တင်ပြခဲ့ရာ BOD မှ တန်ဖိုးသတ်မှတ်ရေးအဖွဲ့ဖြင့် သတ်မှတ်ခဲ့သော တန်ဖိုးပေါ်တွင် အခြေခံတွက်ချက်ထားသည့် ဒဏ်ကြေး (1AV)+ကျသင့်ခွန်ဖြင့် ပေးဆောင်၍ ရွေးယူခွင့်ပြုခဲ့ပါကြောင်း၊ BOD ဆုံးဖြတ်ချက်အရ ဒဏ်ကြေး (1AV)+ကျသင့်ခွန်ဖြင့် ထုတ်ပေးနိုင်ရေးအတွက် ၂၅–၉–၂၀၂၀ ရက်နေ့တွင် ပစ္စည်းပိုင်ရှင်ထံသို့အကြောင်းကြားခဲ့ရာ ပိုင်ရှင်ဖြစ်သူမှ တန်ဖိုးသတ်မှတ်ရေးအဖွဲ့၏ သတ်မှတ်ထားသော ဈေးနှုန်းအား ပြန်လည်သုံးသပ်ပေးပါရန် ၅–၁၀–၂၀၂၀ ရက်နေ့တွင် ပြန်လည်တင်ပြလျှောက်ထားလာသည့်အတွက် BODသို့ထပ်မံတင်ပြခဲ့ရာ BODမှဆုံးဖြတ်ရာ၌ယခင်အတည်ပြုသတ်မှတ်ထားသော တန်ဖိုး၊ ဒဏ်ကြေးနှင့် ကျသင့်ခွန်များအတိုင်း ပေးဆောင်ရန် ဆုံးဖြတ်ခဲ့သဖြင့် အမြန်ဆုံးလာရောက်ရွေးယူရန် ၁၄–၁၁–၂၀၂၀ ရက်နေ့တွင် ပစ္စည်းပိုင်ရှင်ထံ အကြောင်းကြားခဲ့သော်လည်း ပစ္စည်းပိုင်ရှင်မှ လာရောက်ရွေးယူခြင်းမရှိပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနသည် ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲစွာ တင်သွင်းလာသော သွင်းကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ရာတွင် ပြစ်ဒဏ်များ တစ်ပြေးညီဖြစ်စေရန် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ ထုတ်ပြန်ထားသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ၏ ဇယား (၂၀) အရ (IL/IP,ID) ခွင့်ပြုချက်တွင် မပါရှိခြင်းနှင့် သွင်းကုန်လိုင်စင်ခွင့်ပြုချက်မပါရှိဘဲ တင်သွင်းခြင်းဖြစ်လျှင် ပြစ်ဒဏ်အနေဖြင့်သိမ်းဆည်းခြင်း သို့မဟုတ် (1AV) ဒဏ်တပ်ရိုက်ခြင်းပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများ စတင်တားဆီးခဲ့စဉ်က ဦးဆန်းမြင့်၏ ထွက်ဆိုချက်အရ "YX MOBILE LIMITED စတင်တည်ထောင်သည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ပြီး Xiaomi Brand TV နှင့် Mobile Phone များအား သွင်းကုန်လိုင်စင်ရယူခဲ့သော်လည်း တရားဝင် တင်သွင်းခဲ့သည့် သွင်းကုန်ကြေညာလွှာ စာရွက်စာတမ်း (ID) များအား မတင်ပြနိုင်ခြင်း၊ ၁၉–၈–၂၀၂၀ ရက်နေ့တွင် အကောက်ခွန်ဦးစီးဌာနမှ အခင်းဖြစ် တိုက်အမှတ် (၁/၁၂၇)၊ မြေညီ (ဘီ) စံပယ်လမ်း၊ တာမွေမြို့နယ်ရှိ တိုက်ခန်းသို့ ဝင်ရောက်

စစ်ဆေးရာတွင် တွေ့ရှိခဲ့သော TV များနှင့်ပတ်သက်ပြီး သွင်းကုန်လိုင်စင်နှင့် ဆက်သွယ်ရေးထောက်ခံချက်များသာ တင်ပြနိုင်သော်လည်း တရားဝင်တင်သွင်းထားသည့် အကောက်ခွန် သွင်းကုန်ကြေညာလွှာ (ID) များ တင်ပြနိုင်မှုမရှိခြင်း၊ YX MOBILE LIMITED အနေဖြင့် ကုမ္ပဏီ စတင် တည်ထောင်ချိန်မှ ယခုအချိန်ထိ TVများကိုတရားဝင်ကျသင့်အခွန်များပေးဆောင်၍တင်သွင်းခဲ့ခြင်းများမရှိပါ”ဟုထွက်ဆိုထားပါကြောင်း၊ အယူခံလျှောက်ထားသူမှ အခွန်အယူခံခုံအဖွဲ့သို့ တင်ပြထားသည့် စာရွက်စာတမ်းအထောက်အထားများအား စိစစ်ရာတွင် အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌထံလိပ်မူ၍ လျှောက်ထားသော ၂၁-၅-၂၀၂၁ ရက်စွဲပါ “အမှုတင်သွင်းခြင်းဆိုင်ရာကိစ္စရပ်များအတွက် ကိုယ်စားလှယ်လွှဲအပ်ခြင်း” အကြောင်းအရာပါစာတွင် ကုမ္ပဏီ၏ Managing Director Daw Ei Ei Thein ရေးထိုးသော လက်မှတ်နှင့် “ကုမ္ပဏီကိုယ်စားတာဝန်ပေးအပ်ခြင်း” ခေါင်းစဉ်တပ်ထားသည့် ကုမ္ပဏီ၏ ဝန်ထမ်းဖြစ်သူ ဦးဆန်းမြင့်အား ကိုယ်စားလှယ်လွှဲအပ်သော စာတွင် ကုမ္ပဏီ၏ Managing Director Daw Ei Ei Thein ရေးထိုးသောလက်မှတ် (၂) ခုတို့ကို နှိုင်းယှဉ်ကြည့်ပါက ရေးထိုးသောလက်မှတ် (၂) ခုမှာ ကွဲပြားမှု ရှိနေသဖြင့် မမှန်သက်သေခံအဖြစ် တင်ပြခြင်းဖြစ်သည်ဟု သုံးသပ်တင်ပြထားပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများနှင့်ပတ်သက်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇-က ပါ သက်သေပြရန် တာဝန်တွင်လည်း ‘‘ပုဒ်မ ၁၉ အရ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းကို ပိတ်ပင်ထားသော သို့မဟုတ် ကန့်သတ်ထားသော ကုန်ပစ္စည်းတစ်ခုခုနှင့်ပတ်သက်၍ တရားစွဲဆိုခြင်း သို့မဟုတ် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းပြုလုပ်လျှင် အဆိုပါပိတ်ပင်ချက် သို့မဟုတ် ကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ အဆိုပါ ကုန်ပစ္စည်းများကို တင်သွင်းခြင်းမပြုကြောင်း သို့မဟုတ် တင်ပို့ရန် ကြံစည်ခြင်းမပြုပါကြောင်း ပြဿနာပေါ်ပေါက်သည့်အခါ အဆိုပါအမှုတွင် တရားခံ သို့မဟုတ် အမှုဖွင့်အရေးယူခံရသောသူအပေါ်တွင် ထင်ရှားအောင် သက်သေပြရန် တာဝန်ကျရောက်သည်ဟု ပြဋ္ဌာန်းထားပါကြောင်း၊ တရားလို၏စွပ်စွဲချက်ကို တရားပြိုင်က တစ်စုံတစ်ရာငြင်းဆန်ကန့်ကွက်ခြင်းမပြုဘဲ နောက်ပိုင်းကျမှ ကန့်ကွက်တင်ပြလာပါမူ နောက်မှ အကြံရ၍ လုပ်ကြံတင်ပြချက်သာဖြစ်သည်ဟု ယူဆရမည်ဖြစ်ခြင်း” ဟု ဦးအောင်ဖေနှင့် ဒေါ်ညွန့် ၁၉၇၆ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၂၉ တွင် စီရင်ထုံးဖွဲ့ထားပါသည်။ အမှုသည်တစ်ဦးသည် မှန်ကန်သော ထုချေချက်ရှိပါမူ ထိုထုချေချက်ကို အစောဆုံးအခွင့်အရေးရရှိသည့်အချိန်တွင် တင်ပြရန်လိုပေသည်။ အချိန်လွန်မှ တင်ပြခြင်းပြုလျှင် နောက်မှ အကြံရပြီး တင်ပြသည့်ထုချေချက်သာဖြစ်သည်ဟု ယူဆရန်အကြောင်း ပေါ်ပေါက်မည်ဖြစ်သည်ဟု ‘ဦးတင်ထွဋ်နှင့် ပြည်ထောင်စု၊ ၁၉၆၆ မြန်မာပြည်စီရင်ထုံး ၁၉၂၊’ တွင် စီရင်ထုံးဖွဲ့ထားပါကြောင်း၊ ထပ်မံတင်ပြလာသည့် သက်သေခံချက်များတွင်လည်း တိကျခိုင်မာသည့် သက်သေခံချက်အထောက်အထားများကို ပြည့်စုံမှန်ကန်တိကျစွာ တင်သွင်းထားခြင်းမရှိဘဲ ရောနှောရှုပ်ထွေးစွာဖြင့် တင်သွင်းထားသည်ကို တွေ့ရှိရပါကြောင်း၊ လျှောက်ထားသူမှ ကုမ္ပဏီသည် ဟောင်ကောင်ရှိ ပင်မကုမ္ပဏီ YX Mobile Co;Ltd ၏ လက်ခွဲကုမ္ပဏီငယ်တစ်ခုဖြစ်ပြီး မူဆယ်၊ တာချီလိတ်၊ မြဝတီမြို့ရှိ ကုမ္ပဏီ၏ Agent ဖြစ်သူက တင်သွင်းမှုပြုလုပ်ခြင်းနှင့် ပြည်တွင်းကုမ္ပဏီအချို့ထံမှ ဝယ်ယူထားပါသည်ဟု တင်ပြခြင်းအပေါ် အဆိုပါကုမ္ပဏီများနှင့် ဆက်သွယ်ဝယ်ယူထားသည့် အရောင်းအဝယ်စာချုပ်များ၊ လက်ခံပြေစာများ၊ အရောင်းအဝယ်လွှဲပြောင်းလက်ခံခြင်းနှင့်သက်ဆိုင်သည့် အထောက်အထားများတင်ပြနိုင်မှုမရှိသည့်အပြင် တားဆီးမှုပြုသည့်အချိန်နှင့် ထုချေလွှာ တင်သွင်းချိန်များ၌ ထွက်ဆိုတင်သွင်းထားသော ကုမ္ပဏီတာဝန်ရှိသူ၏ အကောက်ခွန်အရာရှိရှေ့မှောက်ထွက်ဆိုချက်များ၊ ထုချေလွှာ တင်သွင်းသည့်အချိန်မှ ထုချေချက်များနှင့် အယူခံလျှောက်ထားသည့် လျှောက်ထားချက်များသည် များစွာကွဲလွဲ၍ တင်ပြမှုများရှိနေကြောင်း၊ အကောက်ခွန်မဲ့ ကုန်ပစ္စည်းနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အပိုဒ် (၂) အပိုဒ်ခွဲ (င) တွင် ဖော်ပြထားရာ “အကောက်ခွန်မဲ့ ကုန်ပစ္စည်းဆိုသည်မှာ ပိတ်ပင်တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းများမှအပ ကုန်ပစ္စည်းများ သယ်ဆောင်လာသည့်

အချိန်တွင် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် တရားဝင်ခွင့်ပြုချက်အထောက်အထားများကို တစ်ပါတည်း တင်ပြနိုင်ခြင်းမရှိသော တင်ပို့ သို့မဟုတ် တင်သွင်းလာသည့်ကုန်ပစ္စည်းကို ဆိုလိုသည်” ဟု ဖော်ပြထားပါကြောင်း၊ ယခုအမှုဖြစ်စဉ်တွင် သိမ်းဆည်းရမိသောကုန်ပစ္စည်းများသည် အကောက်ခွန် ဦးစီးဌာန စစ်ဆေးရေးအဖွဲ့မှ ရှာဖွေစစ်ဆေးတွေ့ရှိသည့်အချိန်တွင် တရားဝင် တင်သွင်းခွင့်ပြုချက် အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် တရားမဝင်ကုန်ပစ္စည်းများဖြစ်၍ အဆိုပါ အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်ဖြစ်ကြောင်း၊ အခင်းဖြစ်ပစ္စည်းများဖြစ်သည့် TV အမျိုးအစား (၄) မျိုးသည် သွင်းကုန်လိုင်စင်လျှောက်ထားရယူပြီးမှသာ တင်သွင်းခွင့်ရှိသည့် စည်းမျဉ်းကန့်သတ်ထားသော ကုန်ပစ္စည်းအမျိုးအစားဖြစ်၍ သွင်းကုန်လိုင်စင်နှင့် သွင်းကုန်ကြေညာလွှာမပါရှိဘဲ တရားမဝင်တင်သွင်းထားခြင်းသည် ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ အား ဖောက်ဖျက်ကျူးလွန်ခြင်းဖြစ်၍ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ ပြစ်မှုများအတွက် ပြစ်ဒဏ်ဇယား အမှတ်စဉ် (၈) ၌ “ဤအက်ဥပဒေအခန်း (၄) အရ တားမြစ် ထားဆဲဖြစ်သည့် သို့မဟုတ် စည်းမျဉ်းကန့်သတ်ထားဆဲ ဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို တားမြစ်ချက် သို့မဟုတ် စည်းမျဉ်း ကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလျှင်” ဟု ဖွင့်ဆို ထားပြီး အဆိုပါ ပြစ်မှုအတွက် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈ နှင့် ၁၉ တို့ကို ရည်ညွှန်းထားပြီး ချမှတ်ရမည့်ပြစ်ဒဏ်မှာ “အဆိုပါကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံထိုက်စေရမည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ကုန်ပစ္စည်းများအား တရားမဝင်တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) တွင် “ကုန်းလမ်းအကောက်ခွန်အရာရှိတစ်ဦးဦးသည် နိုင်ငံခြားပိုင်နယ်မြေတစ်ခုမှ တင်သွင်းလာသည့်ကုန်ပစ္စည်းများဖြစ်သည်ဟု သို့မဟုတ် နိုင်ငံခြားနယ်မြေသို့ တင်ပို့မည့် ကုန်ပစ္စည်းများဖြစ်သည်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် ၎င်းကုန်ပစ္စည်းများအတွက် ထုတ်ပေး ထားသော ပါမစ်ကို တင်ပြရန် တောင်းဆိုနိုင်သည်” ဟု ပြဋ္ဌာန်းထားပြီး ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၇(၁) တွင် “ပါမစ်လိုအပ်သော ကုန်ပစ္စည်းများကို အဆိုပါ ပါမစ်မပါဘဲ နိုင်ငံခြားပိုင်နယ်မြေသို့ ၎င်းကုန်းလမ်းအကောက်ခွန်ရုံးကို ဖြတ်သန်းယူဆောင်ခြင်း သို့မဟုတ် ထိုသို့ယူဆောင်ရန် ကြံစည် အားထုတ်ခြင်းကို ပြုလုပ်လျှင်–ပြစ်မှုနှင့် အကျုံးဝင်သည့် ကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထိုက်စေရမည်” ဟု ပြဋ္ဌာန်းထားပါကြောင်း၊ ကုန်ပစ္စည်းတင်သွင်းတင်ပို့ခြင်းနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ပြဋ္ဌာန်းထားသောဥပဒေဖြစ်သည့် ၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၆ တွင် “မည်သူမျှ ခွင့်ပြုချက်ရယူရန် သတ်မှတ်ထားသောကုန်ပစ္စည်းများကို ခွင့်ပြုချက် ရယူခြင်းမရှိဘဲ တင်ပို့ခြင်း သို့မဟုတ် တင်သွင်းခြင်းမပြုရ” ဟု ပြဋ္ဌာန်းထားပြီး ပြစ်ဒဏ်အနေဖြင့် ပုဒ်မ ၁၀ တွင် “ဤဥပဒေပါ ပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်သူ သို့မဟုတ် အားပေးကူညီသူအား ယင်းပြစ်မှုကို ကျူးလွန်သူ ဖြစ်ဘိသကဲ့သို့ ပြစ်ဒဏ်ချမှတ်ရမည့်အပြင် ပြစ်မှုကျူးလွန်ရာ၌ အကျုံးဝင်သော သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်” ဟု ပြဋ္ဌာန်းထားသဖြင့် အခင်းဖြစ်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းအရေးယူဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အယူခံလျှောက်ထားသူ YX MOBILE LIMITED မှ တရားမဝင်တင်သွင်းထားသော Mi Flat TV 32″ (460) U, Mi Flat TV 43″ (550) U, Mi Flat TV 55″ (16) U, Mi Flat TV 65″ (100) U, စုစုပေါင်း TV (၄) မျိုး၊ (၁၀၈၁) လုံး၊ ခန့်မှန်းတန်ဖိုး ကျပ် ၁၅၆,၈၀၀,၀၀၀ ခန့်သည် သွင်းကုန်လိုင်စင်လျှောက်ထား ရယူပြီးမှ တင်သွင်းရမည့် ကုန်ပစ္စည်းများ ဖြစ်၍ သွင်းကုန်လိုင်စင် (IL)၊ သွင်းကုန် ကြေညာလွှာ (ID) တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာခဲ့ခြင်း၊ ၂၀၁၂ ခုနှစ်၊ ပို့ကုန် သွင်းကုန်ဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) အား ဆန့်ကျင်ချိုးဖောက်ခြင်း ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ အခန်း (၄) အရ စည်းမျဉ်း

ကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ တင်သွင်းလာခြင်းဖြစ်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်စွာ ဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လျှောက်ထားသူထပ်မံတင်ပြလာသည့် သက်သေခံချက်များကို လက်မခံဘဲ အကောက်ခွန်ဦးစီးဌာန ကာကွယ်ရေးဌာနခွဲ ညွှန်ကြားရေးမှူး၏အမိန့်ကို အတည်ပြုပြီး အယူခံလွှာကို "ပလပ်" ပေးနိုင်ပါရန် ဌာနကိုယ်စား ချေပလျှောက်ထားပါသည်။

အခွန်အယူခံခုံအဖွဲ့သည် နှစ်ဖက်ပုဂ္ဂိုလ်များ၏ လျှောက်လဲတင်ပြချက်များကို ကြားနာပြီးဖြစ်သည့်အပြင် အမှုတွဲပါ စာတမ်းအမှတ်အသားများ သက်သေခံချက်များကို အသေးစိတ်သေချာစွာ ကြည့်ရှုလေ့လာခဲ့ပါကြောင်း၊ အခင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ မူလတင်သွင်းခဲ့သည့် YX MOBILE LIMITED အမည်ပါရှိသည့် သွင်းကုန်ကြေညာလွှာအမှတ် A45547 နှင့် အခြားကုမ္ပဏီအမည်များဖြင့် ထပ်မံတင်ပြလာသည့် သွင်းကုန်ကြေညာလွှာပါပစ္စည်းများသည် စတင်သိမ်းဆည်းစဉ် စစ်ဆေးတွေ့ရှိခဲ့သည့် အမျိုးအစား၊ အရေအတွက်နှင့် ကိုက်ညီမှန်ကန်မှုမရှိဘဲ ဆန့်ကျင်ကွဲလွဲနေသောကြောင့် မှန်ကန်သော အထောက်အထားအဖြစ် လက်ခံနိုင်ခြင်းမရှိကြောင်း သုံးသပ်ရပါသည်။ ကုမ္ပဏီမှ တာဝန်ရှိသူ ဦးဆန်းမြင့် က "မိမိတို့ YX Mobile Ltd; အနေဖြင့် ကုမ္ပဏီစတင်တည်ထောင်ချိန် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလမှစတင်၍ ယခုလက်ရှိအချိန်အထိ Xiaomi Mobile Phone နှင့် TV များအား တရားဝင်ကျသင့်အခွန်များ ပေးဆောင်၍ တင်သွင်းခဲ့ခြင်းမရှိပါ" ဟု အကောက်ခွန်ဦးစီးဌာနသို့ ထွက်ဆိုထားခြင်းကြောင့် ကုမ္ပဏီသည် ဥပဒေ စည်းမျဉ်းစည်းကမ်းများကို တိကျစွာ လိုက်နာဆောင်ရွက်မှုမရှိဟု သုံးသပ်ရပါသည်။ လျှောက်ထားသူက အခင်းဖြစ်ကုန်ပစ္စည်းများကို ရွေးယူဒဏ်ငွေများပေးဆောင်၍ ပြန်လည်ရွေးယူခွင့်ပြုပါရန် တင်ပြလျှောက်ထားခြင်းအပေါ် တန်ဖိုးသတ်မှတ်ရေးအဖွဲ့ဖြင့် တန်ဖိုးသတ်မှတ်ကာ BOD အတည်ပြုချက်အရ သတ်မှတ်တန်ဖိုးအပေါ် အခြေခံတွက်ချက်ထားသည့် ဒဏ်ကြေး (1AV) + ကျသင့်ခွန်ပေးဆောင်၍ ရွေးယူခွင့်ပြုကြောင်း ၂၅-၉-၂၀၂၀ ရက်နေ့တွင် အကြောင်းကြားခဲ့သော်လည်း လျှောက်ထားသူက တန်ဖိုးသတ်မှတ်ရေးအဖွဲ့၏ သတ်မှတ်ဈေးနှုန်းအား ပြန်လည်သုံးသပ်ပေးပါရန် ၅-၁၀-၂၀၂၀ ရက်နေ့တွင် ပြန်လည်တင်ပြလာသည့်အတွက် BOD က ယခင်အတည်ပြု သတ်မှတ်ထားသောတန်ဖိုး၊ ဒဏ်ကြေးနှင့် ကျသင့်အခွန်များအတိုင်း ပေးဆောင်ရန် ဆုံးဖြတ်ခဲ့သဖြင့် အမြန်ဆုံး လာရောက်ရွေးယူရန် ၁၄-၁၁-၂၀၂၀ ရက်နေ့တွင် ထပ်မံအကြောင်းကြားခဲ့သော်လည်း လာရောက်ရွေးယူခဲ့ခြင်း မရှိခဲ့ပါ။ ပိုင်ရှင်က အခင်းဖြစ်ပစ္စည်းများကို ရွေးယူဒဏ်ငွေဖြင့်သာ ရွေးယူခွင့်ပြုရန် တင်ပြသည့်အသနားခံစာတွင် "ကုန်ပစ္စည်းများသယ်ဆောင်သည့်အချိန်တွင် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် တရားဝင်ခွင့်ပြုချက် အထောက်အထားများကို တစ်ပါတည်း တင်ပြနိုင်ခြင်းမရှိသော ယခုတားဆီးသည့် Telephone Handsets, TV ဆက်စပ်ပစ္စည်းများအား ယခုတင်ပြပါ အချက်အလက်များအပေါ် အထောက်အကူပြု၍ တစ်ကြိမ်တစ်ခါမှားယွင်းမှုအပေါ် ညှာတာထောက်ထားသောအားဖြင့် ထိုက်သင့်သော ရွေးယူဒဏ်ငွေများဖြင့် တပ်ရိုက်၍ ပြန်လည်ရွေးယူခွင့်ပြုပါရန်" ဟု လျှောက်ထားတင်ပြမှုသည်လည်း အခင်းဖြစ်ပစ္စည်းများကို တရားဝင်ကျသင့်အခွန်အခများပေးဆောင်၍ တင်သွင်းခဲ့ခြင်းမဟုတ်ဟု သုံးသပ်ရပါသည်။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၈၃ အရ သင့်တင့်သောဒဏ်ကြေးဖြင့် ရွေးယူခွင့်ပြုရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အကောက်ခွန်ဦးစီးဌာနက အထက်ပါအတိုင်း ရွေးယူဒဏ်ကြေးဖြင့် (၂) ကြိမ်တိုင်ခွင့်ပြုထားပြီးဖြစ်ကြောင်း တွေ့ရှိရသဖြင့် ထပ်မံစဉ်းစားရန်မလိုအပ်ဟု သုံးသပ်ရပါသည်။ အကောက်ခွန်ဦးစီးဌာနသည် ခွင့်ပြုချက်၊ သတ်မှတ်ချက်တို့နှင့် ဆန့်ကျင်ကွဲလွဲစွာ တင်သွင်းလာသော ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်သတ်မှတ်ရာတွင် တစ်ပြေးညီဖြစ်စေရန် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရ ထုတ်ပြန်ထားသော စီမံကိန်းနှင့်

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ၏ ဇယား (၂၀) အရ (IL/IP,ID) ခွင့်ပြုချက်တွင် မပါရှိခြင်းနှင့် သွင်းကုန်လိုင်စင်ခွင့်ပြုချက်မပါရှိဘဲ တင်သွင်းခြင်းဖြစ်လျှင် ပြစ်ဒဏ်အနေနှင့် ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်း သို့မဟုတ် (1AV) ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားပါကြောင်းနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများနှင့်ပတ်သက်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၂၀) အပိုဒ် (၂) အပိုဒ်ခွဲ (င) တွင် “အကောက်ခွန်မဲ့ ကုန်ပစ္စည်းဆိုသည်မှာ ပိတ်ပင်တားမြစ်ကုန်ပစ္စည်းနှင့် ကန့်သတ်ကုန်ပစ္စည်းများမှအပ ကုန်ပစ္စည်းများ သယ်ဆောင်လာသည့် အချိန်တွင် အကောက်ခွန်ဦးစီးဌာနမှ သတ်မှတ်ထားသည့် တရားဝင်ခွင့်ပြုချက်အထောက်အထားများကို တစ်ပါတည်း တင်ပြနိုင်ခြင်းမရှိသော တင်ပို့ သို့မဟုတ် တင်သွင်းလာသည့် ကုန်ပစ္စည်းကို ဆိုလိုသည်” ဟု ဖော်ပြထားသည့်အတွက် သိမ်းဆည်းရမိသော အခင်းဖြစ်ကုန်ပစ္စည်းများမှာ တရားဝင်တင်သွင်းခွင့်ပြုချက် အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်မှုမရှိခြင်းကြောင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည် ဖြစ်ပါသည်။ လျှောက်ထားသူကိုယ်စား တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း ထပ်မံ တင်ပြသည့်စီရင်ထုံးတွင် “ရွှေကြိုးများသည် နိုင်ငံခြားလုပ်ဖြစ်စေကာမူ အယူခံတရားခံအိမ်မှရရှိရုံနှင့် နိုင်ငံခြားမှ ခိုးသွင်းယူလာသည်ဟု မည်သို့မျှမဆိုနိုင်ပေ၊ Foreign Exchange နိုင်ငံခြားငွေကြေးလဲလှယ်ရေး စည်းမျဉ်းသတ်မှတ်ရေး အက်ဥပဒေပုဒ်မ ၉ (၁) သော်လည်းကောင်း၊ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၉ သော်လည်းကောင်း ပိုင်ဆိုင်ခြင်းကို ပြစ်မှုဟု မဆိုလို၊ ပြည်တွင်းသို့ ယူဆောင်ခိုးသွင်းခြင်းကိုသာ ဆိုသည်” ဟု စီရင်ဆုံးဖြတ်ထားသည့် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ဦးမောင်မောင် ၁၉၆၇ (ရုံးချုပ်) မတစ၊ စာ–၄၈၀ စီရင်ထုံးကို ရည်ညွှန်းလျက် အခင်းဖြစ်ပစ္စည်းများအားလုံးတို့တွင် Mi Brand တစ်မျိုးတစ်စားတည်းသာ ဖြစ်ကြောင်းတွေ့ရှိရမည်ဖြစ်သဖြင့် တရားမဝင်တင်သွင်းထားခြင်းမဟုတ်သည်မှာ မြင်သာပါကြောင်း၊ အကောက်ခွန်ဦးစီးဌာန၏ သိမ်းဆည်းမိန့်တွင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ (၈) အရ လည်းကောင်း၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၅ (၃) ကို ဖောက်ဖျက်ကျူးလွန်သဖြင့် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၇(၁) အရလည်းကောင်း အခင်းဖြစ် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ကြောင်းဖော်ပြထားရာ မြန်မာနိုင်ငံအတွင်း ရောက်ရှိနှင့်ပြီးသော ကုန်ပစ္စည်းများကို ယင်းပုဒ်မများဖြင့် အရေးယူခြင်းသည် မှားယွင်းကြောင်း လျှောက်ထားပါသည်။ စီရင်ထုံးတွင် “ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉” သော်လည်းကောင်း၊ ပိုင်ဆိုင်ခြင်းကို ပြစ်မှုဟုမဆိုလို၊ ပြည်တွင်းသို့ ယူဆောင်ခိုးသွင်းခြင်းကိုသာ ဆိုသည်။ အယူခံတရားခံသည် ပြည်တွင်းသို့ ဤသက်သေခံ ပစ္စည်းများကို ယူဆောင်တင်သွင်းလာသည်ဟု သက်သေထွက်ဆိုချက်တစိုးတစိမျှမရှိဟု ထည့်သွင်းသုံးသပ်ထားကြောင်း တွေ့ရှိရာ ယခုဖြစ်စဉ်တွင် “လျှောက်ထားသူ၏ ကုမ္ပဏီသည် ဟောင်ကောင်ရှိ YX Mobile Co., Ltd ၏ လက်ခွဲကုမ္ပဏီငယ်တစ်ခုဖြစ်ပါကြောင်း၊ အခင်းဖြစ် TV များကို မူဆယ်၊ တာချီလိတ်၊ မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တင်သွင်းရာတွင် မူဆယ်၊ မြဝတီမြို့ရှိ ကုမ္ပဏီ၏ Agent ဖြစ်သူက တင်သွင်းပြီး ကျသင့်အကောက်ခွန်များပေးဆောင်၍ ရန်ကုန်မြို့ လျှောက်ထားသူကုမ္ပဏီထံ အရောက်ပို့ဆောင်ပေးခြင်းဖြစ်ကြောင်း” လျှောက်ထားချက်အရလည်းကောင်း၊ ထုတ်ကုန် သွင်းကုန်လုပ်ငန်းလိုင်စင်ကိုင်ဆောင်ထားသောကုမ္ပဏီဖြစ်သဖြင့်လည်းကောင်း အခင်းဖြစ်ပစ္စည်းများသည် ပြည်ပမှ ယူဆောင်တင်သွင်းခဲ့သည့်ပစ္စည်းများဖြစ်သည်ဆိုသည့်အချက်မှာ အထင်အရှားဖြစ်ပါကြောင်း သုံးသပ်ရပါသည်။ ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ နှင့် ကုန်းလမ်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၅(၃) တို့ဖြင့် အရေးယူခြင်းသည် မြန်မာနိုင်ငံရေဆိပ်၊ လေဆိပ်၊ နယ်စပ်ဝင်ထွက်ပေါက်များမှ တရားမဝင် တင်သွင်းသယ်ဆောင်မှုပြုလုပ်ချိန်၌ ဖမ်းဆီးရမိမှုအပေါ် အရေးယူသည့်ပုဒ်မများဖြစ်ပါကြောင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ မူရင်းပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ တွင်

ထိုကဲ့သို့သော အခြေအနေများ၌သာ အရေးယူရမည်ဖြစ်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြထားချက်မပါရှိပါကြောင်း၊ တရားလွှတ်တော်ရှေ့နေ ဦးရွှေမင်း အထက်ပါလျှောက်ထားချက်၌ "အခင်းဖြစ်ပစ္စည်းများကို တရားမဝင်တင်သွင်းထားခြင်းမဟုတ်သည်မှာ မြင်သာပါကြောင်း" ဟု ပါရှိသော်လည်း ဦးဆန်းမြင့်ကိုယ်တိုင် အကောက်ခွန်ဦးစီးဌာနသို့ မှုခင်းဆိုင်ရာ ထွက်ဆိုချက်ပေးစဉ်က ကုမ္ပဏီစတင်တည်ထောင်စဉ်မှ ယနေ့အထိ တရားဝင်အခွန်ပေးဆောင်၍ တင်သွင်းခဲ့ခြင်းမရှိပါဟု ထွက်ဆိုချက်နှင့် ကွဲလွဲနေကြောင်း သုံးသပ်ရပါသည်။ လျှောက်ထားသူက အဆိုလွှာတွင် ဖော်ပြထားသည့် စီရင်ထုံးပါ အချက်အလက်များသည် ယခုအမှုဖြစ်စဉ်နှင့် အမှုအကြောင်းအခြင်းရာများ တူညီမှုမရှိသည့်အပြင် ပစ္စည်း ပိုင်ရှင်မှ အခင်းဖြစ်ပစ္စည်းများကို တားဆီးခံရသည့်အချိန်တွင်လည်းကောင်း၊ တားဆီးမှုမပြုထိုက်ကြောင်း ထုချေဖြေရှင်းရာတွင်လည်းကောင်း တရားဝင်စာရွက်စာတမ်းအထောက်အထားများမတင်ပြနိုင်သောကြောင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရပါသည်။ ယခုသိမ်းဆည်းမှုသည် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအရ အရေးယူဆောင်ရွက်ထားသော အမှုဖြစ်၍ ယင်းအက်ဥပဒေပုဒ်မ ၁၆၇-က အရ ပိတ်ပင်ချက် သို့မဟုတ် ကန့်သတ်ချက်များနှင့်ဆန့်ကျင်၍ အဆိုပါ ကုန်ပစ္စည်းများကို တင်သွင်းခြင်းမပြုကြောင်း သက်သေပြရန်တာဝန်သည် အမှုတွင် အရေးယူခံရသူ အပေါ်၌ ကျရောက်ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။ သက်သေခံအခင်းဖြစ်ပစ္စည်းများသည် ပြည်ပမှ တင်သွင်းသည့်ပစ္စည်းများ ဖြစ်သည်မှာ ထင်ရှားပေါ်ပေါက်သောကြောင့်လည်းကောင်း၊ မူဆယ်၊ တာချီလိတ်၊ မြဝတီမြို့ရှိ ကုမ္ပဏီ၏ Agent ဖြစ်သူက တင်သွင်းမှုပြုလုပ်ခြင်းနှင့် ပြည်တွင်းကုမ္ပဏီအချို့ထံမှ ပြန်လည်ဝယ်ယူထားပါသည်ဟု တင်ပြထားချက်များအရလည်းကောင်း တင်သွင်းမှုဆိုင်ရာ အထောက်အထားများ၊ အဆိုပါကုမ္ပဏီများနှင့် ဆက်သွယ်ဝယ်ယူထားသည့် အရောင်းအဝယ်စာချုပ်များ၊ ကုန်လက်ခံပြေစာများ၊ လွှဲပြောင်းလက်ခံခြင်းနှင့် သက်ဆိုင်သည့် အထောက်အထားများကို လျှောက်ထားသူအနေဖြင့် သက်သေ ထင်ရှားပြသရန် တာဝန်ရှိသော်လည်း ခိုင်လုံသောသက်သေခံအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၇) ၏ ဇယား (၂၀) အရ တင်ပြရမည့် (IL/IP,ID) မပါရှိခြင်း၊ သွင်းကုန်လိုင်စင်ခွင့်ပြုချက်မပါရှိဘဲ တင်သွင်းခြင်းဖြစ်လျှင် ပြစ်ဒဏ်အနေဖြင့် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း သို့မဟုတ် (1AV) တပ်ရိုက်ခြင်း ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသော်လည်း လျှောက်ထားသူမှ ညွှန်ကြားချက်နှင့်အညီ အခင်းဖြစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ရွေးယူဒဏ်ငွေပေးဆောင်၍ ပြန်လည် ရွေးယူခွင့်ပြုပါရန် လျှောက်ထားချက်အရ ဒဏ်ငွေ (1AV) နှင့် ကျသင့် (CD+CT) ပေးဆောင်၍ ရွေးယူခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (ခ) တွင် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ် ကပ်နှိပ် ထားခြင်းမရှိသော ကုန်စည်ကို လက်ဝယ်ထားရှိသူအား ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ် ပေးဆောင်ရမည်ဟု ပြဋ္ဌာန်းထားသည်ဖြစ်ရာ အကောက်ခွန်ဦးစီးဌာနက (1AV) တပ်ရိုက်ခြင်းသည် များပြားသည်ဟုမဆိုနိုင်ကြောင်း သုံးသပ်ရပါသည်။ အခင်းဖြစ်ပစ္စည်းများသည် သွင်းကုန်လိုင်စင် လျှောက်ထားရယူပြီးမှ တင်သွင်းရမည့်ကုန်ပစ္စည်းများဖြစ်ရာ သွင်းကုန်လိုင်စင် (IL)၊ သွင်းကုန်ကြေညာလွှာ (ID)၊ တင်ပြနိုင်ခြင်းမရှိဘဲ တရားမဝင်တင်သွင်းလာခဲ့ခြင်းသည် ကုန်းလမ်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၅ (၃) နှင့် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေအခန်း (၄) အရ စည်းမျဉ်း ကန့်သတ်ထားဆဲဖြစ်သည့် ကုန်ပစ္စည်းတစ်ခုခုကို စည်းမျဉ်းကန့်သတ်ချက်များနှင့် ဆန့်ကျင်၍ တင်သွင်းလာမှု ဖြစ်သည့်အပြင် ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၁၉ အရ ပိတ်ပင်တားမြစ်ချက်များကို ဖောက်ဖျက်ခြင်းတို့ကြောင့် အခင်းဖြစ်ပစ္စည်းများကို ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ ပုဒ်မ ၁၆၇ (၈) နှင့် ကုန်းလမ်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၇ (၁) တို့အရ ပြည်သူ့ဘဏ္ဍာအဖြစ်

သိမ်းဆည်းအရေးယူခဲ့ခြင်းသည် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်ကွဲလွဲ၍ ဆောင်ရွက်ထားသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်ရရှိပါသည်။

သို့ပါ၍ အောက်ပါအတိုင်း အမိန့်ချလိုက်သည်-

**အမိန့်**

အကောက်ခွန်ဦးစီးဌာန (ကာကွယ်ရေးဌာနခွဲ) ၏ ၁၄-၁၂-၂၀၂၀ ရက်စွဲပါ စာအမှတ် ၁၁ - ကက (ကင်း)/၂၀၂၀ (၀၀၁-က) ဖြင့် ချမှတ်ခဲ့သောအမိန့်ကို အတည်ပြု၍ ဤအယူခံမှု လျှောက်ထားချက်ကို ပလပ်လိုက်သည်။

| | | |
|---|---|---|
| ကျော်ကျော်<br>အဖွဲ့ဝင် | ဝင်းနိုင်<br>အဖွဲ့ခေါင်းဆောင်<br>အခွန်အယူခံခုံအဖွဲ့ | ဦးကြည်<br>အဖွဲ့ဝင် |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

**ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့ (Conservation and Management Team for Bagan World Heritage Site – CMTB) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁၅၆)/၁၄/ ကောင်စီရုံး၏ ခွင့်ပြုချက်အရ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ ပုဂံ-ညောင်ဦးကမ္ဘာ့ အမွေအနှစ်နယ်မြေအတွင်း ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့ (Conservation and Management Team for Bagan World Heritage Site – CMTB)** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ခ) ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြတိုက်များ) — ဒုတိယဥက္ကဋ္ဌ
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဂ) ဒေါက်တာ အောင်ကျော်မြတ် — အဖွဲ့ဝင်
ဂုဏ်ထူးဆောင်ပါမောက္ခ (မြို့ပြအင်ဂျင်နီယာဌာန)
မန္တလေးနည်းပညာတက္ကသိုလ်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
Oxford Academic Union

(ဃ) ဦးညွန့်မောင်စန်း၊ ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံမြေငလျင်ကော်မတီ

| | | |
|---|---|---|
| (င) | ဦးစောထွေးဇော်၊ ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမြေလျှင်ကော်မတီ | အဖွဲ့ဝင် |
| (စ) | ကိုယ်စားလှယ်တစ်ဦး<br>အင်ဂျင်နီယာအသင်း (မန္တလေး) | အဖွဲ့ဝင် |
| (ဆ) | ခရိုင်အုပ်ချုပ်ရေးမှူး<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူး၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ<br>ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ဥမ္မာမျိုး<br>ပြင်ပရှေးဟောင်းသုတေသနပညာရှင် | အဖွဲ့ဝင် |
| (ည) | ဦးဝေဖြိုးလင်း<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပါမောက္ခ (ဗိသုကာဌာန)<br>မန္တလေးနည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဒေါက်တာ နီလာအေး<br>ပါမောက္ခ၊ ဌာနမှူး (မြို့ပြအင်ဂျင်နီယာဌာန)<br>မန္တလေးနည်းပညာတက္ကသိုလ်<br>သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ဒေါက်တာ ယဉ်မျိုးမင်းထွေး<br>ဒုတိယညွှန်ကြားရေးမှူး<br>မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)<br>အဆောက်အဦအထူးအဖွဲ့-၇၊ ညောင်ဦး<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | Mr. Kai Weise<br>UNESCO Expert | အဖွဲ့ဝင် |
| (တ) | Mr. Rodolfo Lujan<br>UNESCO Expert | အဖွဲ့ဝင် |
| (ထ) | Paulo B. Lourenco<br>University of Minho, Portugal | အဖွဲ့ဝင် |
| (ဒ) | Ms. Francesca Pique<br>SUPSI–University of Applied Sciences and Arts of Southern Switzerland | အဖွဲ့ဝင် |

(ဓ) အမေရိကန်နိုင်ငံ၊ Getty Conservation Institute USA (GCI) မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(န) အိန္ဒိယနိုင်ငံ၊ Archaeological Survey of India (ASI) မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ပ) အီတလီနိုင်ငံ၊ Lerici Foundation မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဖ) ဂျပန်နိုင်ငံ National Research Institute for Cultural Properties မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဗ) တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ Chinese Academy of Cultural Heritage မှ ကိုယ်စားလှယ်တစ်ဦး — အဖွဲ့ဝင်

(ဘ) Ms. Andrea Teufel Cologne Institude of Conservation Science (CICS) Germany — အဖွဲ့ဝင်

(မ) Director Korea Cultural Heritage Foundation (KCHF) — အဖွဲ့ဝင်

(ယ) ညွှန်ကြားရေးမှူး၊ ပုဂံဌာနခွဲ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန — အတွင်းရေးမှူး

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်မည့် အဆောက်အအုံများဆောက်လုပ်ခြင်း၊ ခရီးသွားလာမှုဆိုင်ရာ လမ်း၊ တံတားဆောက်လုပ်ခြင်းများနှင့်စပ်လျဉ်းသည့် အဆိုပြုစီမံကိန်းအသစ်များအတွက် လိုအပ်သည့် အကြံပြုချက်များပေးခြင်းနှင့် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ စစ်မှန်မှုနှင့် ဂုဏ်သိက္ခာအား ကာကွယ်ရန်၊ သင့်မြတ်သော လုပ်ဆောင်မှုနှင့် အမြင့်ဆုံးအရည်အသွေးရှိသော ထိန်းသိမ်းမှုအား သေချာစေရန်ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီနှင့် ပြည်တွင်းပြည်ပနည်းပညာကျွမ်းကျင်သူများ၊ အမွေအနှစ်ထိန်းသိမ်းမှုကျွမ်းကျင်သူများမှ ဆောင်ရွက်ဆဲလုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် တုံ့ပြန်ဆွေးနွေးခြင်းတို့အတွက် မူဝါဒလမ်းစဉ်ချမှတ်ခြင်း၊

(ဂ) ပြည်တွင်းပြည်ပနည်းပညာကျွမ်းကျင်သူများ၊ အမွေအနှစ်ထိန်းသိမ်းမှုကျွမ်းကျင်သူများအဖွဲ့အား ကွင်းဆင်းခရီးလာရောက်ရန် ဖိတ်ကြားခြင်း၊ စောင့်ကြည့်လေ့လာခြင်း လုပ်ဆောင်မှု၊ နည်းပညာပိုင်းဆိုင်ရာ ဆောင်ရွက်မှုနှင့် အစည်းအဝေးများအတွင်းတွေ့ရှိမှု အကြံပြုချက် အစီရင်ခံစာတို့အား တောင်းခံခြင်း၊

(ဃ) မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီ၏ သတ်မှတ်ချက်အတိုင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသအား စီမံခန့်ခွဲခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် ဦးစားပေး အစဉ်အတိုင်းဆောင်ရွက်ရန်နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အားဖြည့်ခြင်း၊

(င) ပုံမှန်သတင်းအချက်အလက်ဖလှယ်ခြင်း ဆောင်ရွက်ရန်အတွက် သာမန်အားဖြင့် ၆ လ တစ်ကြိမ် ပုံမှန် အစည်းအဝေးပြုလုပ်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကြောင့် ရှေးဟောင်းအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများကို အရေးပေါ် ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်လာပါက အထူးအစည်းအဝေးများ ပြုလုပ်ခြင်း၊

(ဆ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအား ပုံမှန်စောင့်ကြည့်လေ့လာခြင်း၊ ကာကွယ်ထိန်းသိမ်းမည့် စီမံခန့်ခွဲမှု အစီအစဉ်များနှင့်စပ်လျဉ်း၍ အစီရင်ခံစာများအား ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ (Bagan National Coordinating Committee – BAGANCOM) သို့ ပုံမှန်တင်ပြခြင်း၊

( ဇ ) ပုံမှန်နှင့် အထူးအစည်းအဝေးများတွင် ပါဝင်တက်ရောက်ခြင်း၊

( ဈ ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ဆောင်ရွက်မည့် ဖွံ့ဖြိုးမှုလုပ်ငန်းအသစ်များ၊ လမ်း၊ တံတား ဆောက်လုပ်မည့် စီမံကိန်းအသစ်များအပေါ်စိစစ်၍ ပုဂံဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကော်မတီသို့ တင်ပြခြင်း၊

(ည) ဆောင်ရွက်ဆဲလုပ်ငန်းများ၏ တိုးတက်မှုအစီရင်ခံစာကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှတစ်ဆင့် တင်ပြရန်နှင့် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးကော်မတီနှင့် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများမှ နည်းပညာတုံ့ပြန်မှုအတွက် ပံ့ပိုးဆောင်ရွက်ခြင်း၊

( ဋ ) သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်၊ ထိန်းသိမ်းကာကွယ်မှု လုပ်ငန်းစဉ်၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းစဉ်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်ခြင်း၊

( ဌ ) ပျက်စီးဆုံးရှုံးသည့် ရှေးဟောင်းအဆောက်အအုံများ ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလလက်ရာမပျက် ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ ရေရှည်ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက် နိုင်ရေး စိစစ်ဆွေးနွေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

( ဍ ) ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နောင်ထပ်မံဖြစ်ပွားလာနိုင်မှုကို ထည့်သွင်းစဉ်းစားစီမံဆောင်ရွက်နိုင်ရေး ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan National Coordinating Committee – BAGANCOM) သို့ တင်ပြခြင်း၊

( ဎ ) ပုဂံဒေသ၏ သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်သည့် ဧရိယာအလိုက် မြေပုံ (Disaster Risk Map) ရေးဆွဲနိုင်ရေးကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်ခြင်း၊

(ဏ) ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် ရှေးဟောင်းအဆောက်အအုံများပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (United Nations Educational Scientific and Cultural Organization–UNESCO) အပါအဝင် ပြည်တွင်းပြည်ပနည်းပညာ ပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ နည်းလမ်းများ၊ အကြံဉာဏ်များရယူကာ ပုဂံဒေသအမျိုးသား အဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan National Coordinating Committee–BAGANCOM) သို့ တင်ပြခြင်း၊

(တ) ပုဂံဒေသအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရန်နှင့် ရေရှည်စီမံခန့်ခွဲရေး ကိစ္စရပ်အတွက် နည်းပညာအကူအညီများနှင့် အကြံပြုချက်များကို ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများ ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan National Coordinating Committee–BAGANCOM) သို့ တင်ပြဆောင်ရွက်ခြင်း။

ကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့တင်ပြ၍ ရာထူးတိုးမြှင့်ခန့်ထားရန် သဘောတူညီချက်ရရှိပြီးဖြစ်သည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ အောက်ဖော်ပြပါ သုတေသနလက်ထောက်-၂ (စိုက်ပညာရှင်)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၃၆) ဦးတို့အား စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ အမှန်တကယ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | တိုးမြှင့်ရာထူး |
|---|---|---|
| ၁။ | ဒေါ်ခိုင်ဇာဝင်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂။ | ဒေါ်ယဉ်မာခိုင် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃။ | ဦးမြဝင်းအောင် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၄။ | ဒေါ်လွင်လွင်မြင့် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၅။ | ဒေါ်အေးအေးသက် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၆။ | ဒေါ်တင်သူဇာထွန်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၇။ | ဒေါ်နွယ်အေးညိမ်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၈။ | ဒေါ်သီဂီမြင့် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၉။ | ဒေါ်သွယ်သွယ် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၀။ | ဒေါ်တင်တင်ဝင်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၁။ | ဦးအောင်ကျော်မိုး | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၂။ | ဦးစိုးဝင်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၃။ | ဒေါ်ခင်အေးထွန်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၄။ | ဒေါ်စိမ်းလဲ့မွန် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၅။ | ဒေါ်ပပဝင်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၆။ | ဒေါ်သီတာအောင် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၇။ | ဦးစိုးလင်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၈။ | ဦးအောင်မျိုးလွင် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၁၉။ | ဒေါ်ယဉ်ယဉ်အေး | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |

| | | |
|---|---|---|
| ၂၀။ | ဒေါ်အေးစန္ဒာဝင်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၁။ | ဒေါ်သန်းသန်းနွယ် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၂။ | ဦးမောင်မောင်ဆွေ | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၃။ | ဒေါ်ခင်မျိုးအေး | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၄။ | ဒေါ်တင်တင်ချို | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၅။ | ဦးဆန်းထွန်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၆။ | ဒေါ်သန်းသန်းမိုး | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၇။ | ဦးကျော်ထွေးအောင် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၈။ | ဒေါ်ဇင်သူဇာမောင် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၂၉။ | ဦးနေအောင် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃၀။ | ဦးမင်းသီဟ | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃၁။ | ဒေါ်ခင်ချိုဝင်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃၂။ | ဒေါ်ခင်ဆွေလှိုင်ထွန်း | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃၃။ | ဦးဝင်းကျော် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃၄။ | ဦးကျော်ဇင်သော် | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃၅။ | ဦးကျော်ဆွေ | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |
| ၃၆။ | ဒေါ်အိအိချို | လက်ထောက်သုတေသနအရာရှိ (စိုက်ပညာရှင်) |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

## ရာထူးတိုးမြှင့်ခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (မြေစာရင်း) (၂၅) ဦးတို့အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ၏ သဘောတူညီချက်အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (မြေစာရင်း) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်သည့်ရာထူး |
|---|---|---|---|
| (က) | ဦးမင်းအောင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ခ) | ဦးအောင်ဆန်းဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ဂ) | ဦးသက်နိုင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ဃ) | ဦးဇော်ဇော်ထွန်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |

| | | | |
|---|---|---|---|
| ( င ) | ဦးဇော်လွင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( စ ) | ဦးအောင်ကိုကို | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ဆ) | ဦးမျိုးသန့် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဇ ) | ဦးအေးကို | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဈ ) | ဦးဝင်းကို | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ည) | ဦးအောင်မြင့် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဋ ) | ဦးလှမြိုင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဌ ) | ဦးအောင်ခိုင်မင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဍ ) | ဦးသောင်းသိန်းဋ္ဌေး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဎ ) | ဦးမောင်မောင်ခိုင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ဏ) | ဦးသက်လွင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (တ) | ဦးအောင်ကျော်စွာဝင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ထ) | ဦးကိုကိုအောင်မျိုးညွှန့် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဒ ) | ဦးသက်နိုင်ဦး | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဓ ) | ဦးဝင်းအောင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( န ) | ဦးသက်ဇော်မြင့် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ပ ) | ဦးလှမျိုးအောင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဖ ) | ဦးသန့်ဇင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( ဗ ) | ဦးဝဏ္ဏထွန်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| (ဘ) | ဦးထွန်းလင်း | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |
| ( မ ) | ဦးသူရထွန်းထွန်းနိုင် | ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ (မြေစာရင်း) |

၂။ အထက်ဖော်ပြပါအရာထမ်းများအား ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်မည့် အနီးစပ်ဆုံး အရာထမ်းအခြေခံသင်တန်းသို့ တက်ရောက်စေနိုင်ရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၂၂)
## ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ လစာနှုန်း (၅၅၀,၀၀၀) အဆင့်ရှိ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦး အား ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အမျိုးသမီးပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၅၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာနမှ လက်ထောက်အထွေထွေမန်နေဂျာ (စက်မှု)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဦးကျော်စန်းအား ယင်းဌာနတွင် လစ်လပ်လာမည့် ဒုတိယအထွေထွေမန်နေဂျာ (တွဲ) လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၁)

၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)

### ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်

အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၀၅,၈၁၅ ဧကရှိသော နယ်မြေကို ''ဆားပြင်တိုးချဲ့ကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်။ တံတားကြီးတောင်ကြော၏ အနောက်မြောက်ဘက် တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း 94.449˙E, 19.159˙N မှ အစပြု၍ အရှေ့တောင်ဘက်သို့ တံတားကြီးတောင်ကြောအတိုင်း ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.487˙E, 19.136˙N အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း ၄.၅ မိုင်ခန့်လာရာ သရက်ခရိုင်နှင့် သံတွဲခရိုင်တို့၏ ခရိုင်နယ်နိမိတ်ရှိ တောင်ထိပ် ခန့်မှန်းမြေပုံညွှန်း 94.537˙E, 19.145˙N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ခရိုင်နယ်နိမိတ် ရခိုင်ရိုးမတောင်ကြောအတိုင်း ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.570˙E, 19.157˙N အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့တောင်ဘက်သို့ ခရိုင်နယ်နိမိတ် ရခိုင်ရိုးမတောင်ကြောအတိုင်း ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.603˙E, 19.128˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ရခိုင်ရိုးမတောင်ကြောအတိုင်း ၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.645˙E, 19.094˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခရိုင်နယ်နိမိတ် တောင်ကြောအတိုင်း ၃ မိုင် ၅ ဖာလုံခန့်လာရာ စန်းဝင်းတောင်ထိပ် ခန့်မှန်းမြေပုံညွှန်း 94.672˙E, 19.052˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခရိုင်နယ်နိမိတ်အတိုင်း ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.689˙E, 19.034˙N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ခရိုင်နယ်နိမိတ် တောင်ကြောအတိုင်း ၂.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.671˙E, 19.011˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခရိုင်နယ်နိမိတ် တောင်ကြောအတိုင်း ၅ မိုင်ခန့်လာရာ သဘော်ကြီးတောင်ထိပ် ခန့်မှန်းမြေပုံညွှန်း 94.702˙E, 18.951˙N အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ရေဝေကြောအတိုင်း ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.663˙E, 18.935˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.611˙E, 18.964˙N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.566˙E, 18.955˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.535˙E, 18.982˙N အထိ၊ ထိုမှ မြောက်ဘက်သို့ ၃ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.536˙E, 19.027˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.49˙E, 19.053˙N အထိ၊ ထိုမှ တောင်ဘက်သို့လာရာ ၄ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.478˙E, 19.002˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၇ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.408˙E, 19.053˙N အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.387˙E, 19.067˙N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.405˙E, 19.092˙N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂.၅ မိုင်ခန့်လာရာ စက်ကမုံချောင်းဖျားအထိ ခန့်မှန်းမြေပုံညွှန်း 94.425˙E, 19.122˙N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ မိုင် ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 94.434˙E, 19.135˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ မိုင် ၁ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 94.449˙E, 19.159˙N အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ တောင်ကုတ်မြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ကုတ်မြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ တောင်ကုတ်မြို့နယ် | အဖွဲ့ဝင် |
| ၅ | မြို့နယ်အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ တောင်ကုတ်မြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးစောဘ<br>ဒေသခံပြည်သူ၊ ဆားပြင်ကျေးရွာအုပ်စု၊ တောင်ကုတ်မြို့နယ် | အဖွဲ့ဝင် |
| ၇ | ဦးသိန်းဇော်<br>ဒေသခံပြည်သူ၊ ဆားပြင်ကျေးရွာ၊ တောင်ကုတ်မြို့နယ် | အဖွဲ့ဝင် |
| ၈ | ဦးလှရွှေ<br>ဒေသခံပြည်သူ၊ ဆားပြင်ကျေးရွာ၊ တောင်ကုတ်မြို့နယ် | အဖွဲ့ဝင် |
| ၉ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ တောင်ကုတ်မြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၂၁/၂၀၂၁)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်၊ ထီးလင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၅၈၀) ဧကရှိသော နယ်မြေကို ''ထိန်တိုင်းကြိုးပြင်ကာကွယ်တော'' အဖြစ် ၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက် (၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကြေးတောင်တောင်ခြေ ခန့်မှန်းမြေပုံညွှန်း 21.859452˚N, 94.093476˚E မှ အစပြု၍ အရှေ့ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21.859947˚N, 94.100418˚E အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့၂ ဖာလုံခန့်လာရာ ကြေးတောင် (မြောက်) ချောင်း ခန့်မှန်းမြေပုံညွှန်း 21.857368˚N, 94.101338˚E အထိ၊ ထိုမှ ကြေးတောင် တောင်ခြေအတိုင်း တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21.850294˚N, 94.102856˚E အထိ၊ ထိုမှ ကြေးတောင် တောင်ခြေအတိုင်း တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21.844770˚N, 94.103490˚E အထိ၊ ထိုမှ တောင်ခြေအတိုင်း တောင်ဘက်ယွန်းယွန်းသို့ ၃.၅ ဖာလုံခန့်လာရာ ဂန့်ဂေါ-ထီးလင်း ကားလမ်းမနှင့် လောင်းဘိုလေးရွာသွားလမ်းဆုံ ခန့်မှန်းမြေပုံညွှန်း 21.838535˚N, 94.101524˚E အထိ၊

တောင်ဘက်။ ထိုမှ အနောက်ယွန်းယွန်းသို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21.838299˚N, 94.097193˚E အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်ယွန်းယွန်းသို့ ၃ ဖာလုံခန့်လာရာ ပိန်ညောင်ချောက် ခန့်မှန်းမြေပုံညွှန်း 21.842001˚N, 94.093643˚E အထိ၊ ထိုမှ ကြေးတောင် တောင်ခြေအတိုင်း အနောက်မြောက်ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ချောင်းရှည်ချောက် ခန့်မှန်းမြေပုံညွှန်း 21.847555˚N, 94.091766˚E အထိ၊ ထိုမှ ကြေးတောင် တောင်ခြေအတိုင်း မြောက်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21.851802˚N, 94.091502˚E အထိ၊ ထိုမှ တောင်ခြေအတိုင်း မြောက်ဘက်ယွန်းယွန်းသို့ ၃ ဖာလုံခန့်လာရာ စေးနဲ့မချောက် ခန့်မှန်းမြေပုံညွှန်း 21.857047˚N, 94.093017˚E အထိ၊ ထိုမှ တောင်ခြေအတိုင်း မြောက်ဘက်သို့ ၁ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 21.859452˚N, 94.093476˚E အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

### ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ထီးလင်းမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ထီးလင်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ထီးလင်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးခင်မောင်ရွှေ<br>ဒေသခံပြည်သူ၊ ထိန်တိုင်းကျေးရွာအုပ်စု၊ ထီးလင်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးသီဟ<br>ဒေသခံပြည်သူ၊ ညောင်ကန်ကျေးရွာအုပ်စု၊ ထီးလင်းမြို့နယ် | အဖွဲ့ဝင် |
| ၇ | ဦးအောင်မြင့်လွင်<br>ဒေသခံပြည်သူ၊ အိုင်းမကျေးရွာအုပ်စု၊ ထီးလင်းမြို့နယ် | အဖွဲ့ဝင် |
| ၈ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ထီးလင်းမြို့နယ် | အတွင်းရေးမှူး |

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၂၉/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ရခိုင်ပြည်နယ်၊ မောင်တောခရိုင်၊ မောင်တောမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၉,၉၀၀) ဧကရှိသော နယ်မြေကို “မင်္ဂလာကြီးကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်။ ဂရစ်ချောင်းဖျား ချောင်းခွဆုံ ခန့်မှန်းမြေပုံညွှန်း 21°06'22.14"N, 92°22' 11.96"E မှအစပြု၍ အရှေ့ဘက်သို့ ၆ ဖာလုံခန့်လာရာ 21°06'27.90"N, 92°22' 47.88"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၇ ဖာလုံခန့်လာရာ ဘူးသီးတောင်မြို့နယ်နှင့် မောင်တောမြို့နယ် နယ်နိမိတ်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း 21°06'56.58"N, 92°23' 17.71"E အထိ၊

အရှေ့ဘက်။ ထိုမှ မြို့နယ်ခြားနယ်နိမိတ် တောင်ကြောအတိုင်း တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း21°06'33.10"N, 92°23' 17.41"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ် တောင်ကြောအတိုင်း တောင်စူးစူးသို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°05'08.56"N, 92°23' 42.15"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ် တောင်ကြောအတိုင်း အနောက်စူးစူးသို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°05'06.92"N, 92°23' 02.58"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း တောင်စူးစူးသို့ ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°04'04.38"N, 92°23' 09.46"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ် တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°03'43.31"N, 92°23' 47.40"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°03'03.12"N, 92°23' 58.28"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း အနောက်တောင်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°02'34.16"N, 92°23' 36.53"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း တောင်စူးစူးသို့ ၁.၂၅ မိုင် ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°01'19.17"N, 92°23' 50.45"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း အနောက်တောင်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21°00'15.17"N, 92°23' 12.28"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း တောင်စူးစူးသို့ ၁.၇၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°58'52.71"N, 92°23' 41.59"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း အနောက်တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°58'39.48"N, 92°23' 25.45"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ် တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°58'31.90"N, 92°23' 43.34"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°58'13.70"N, 92°23' 36.77"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°57'58.69"N, 92°24' 01.38"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း တောင်ဘက်သို့ ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°57'03.36"N, 92°24' 13.98"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း တောင်စူးစူးသို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°56'31.87"N, 92°24' 15.43"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°55'50.73"N, 92°24' 30.79"E အထိ၊ ထိုမှ မြို့နယ်ခြားနယ်နိမိတ်တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°55'33.61"N, 92°24' 57.98"E အထိ၊

တောင်ဘက်။ ထိုမှ လူသွားလမ်းအတိုင်း အနောက်တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°55'00.88"N, 92°24' 43.51"E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20°54'54.97"N, 92°24' 25.19"E အထိ၊

အနောက်ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၇၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20˚56'12.93"N, 92˚23' 28.52"E အထိ၊ ထိုမှ မြောက်စူးစူးသို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20˚56'47.79"N, 92˚23' 26.23"E အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20˚59'28.04"N, 92˚22' 23.42"E အထိ၊ ထိုမှ မြောက်ဘက်သို့ ၂ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20˚57'41.84"N, 92˚23' 22.58"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 20˚59'50.30"N, 92˚22' 14.76"E အထိ၊ ထိုမှ မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚01'01.42"N, 92˚22' 34.01"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚01'58.03"N, 92˚22' 19.48"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚02'46.13"N, 92˚22' 32.64"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚03'28.71"N, 92˚21' 55.80"E အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚04'18.78"N, 92˚22' 02.54"E အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚00'12.76"N, 92˚22' 16.44"E အထိ၊ ထိုမှ မြောက်စူးစူးသို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚05'17.04"N, 92˚21' 53.00"E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 21˚05'37.23"N, 92˚22' 21.23"E အထိ၊ ထိုမှ မြောက်စူးစူးသို့ ၇ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 21˚06'22.14"N, 92˚22' 11.96"E အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မောင်တောမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မောင်တောမြို့နယ် | အဖွဲ့ဝင် |

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၄ | ဦးဒိလ်မူဟာမတ်<br>ဒေသခံပြည်သူ၊ မင်္ဂလာကြီးကျေးရွာ၊ မောင်တောမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးဟာဘေဆာမောက်<br>ဒေသခံပြည်သူ၊ မင်္ဂလာကြီးကျေးရွာ၊ မောင်တောမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ မောင်တောမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃၅/၂၀၂၁)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၀၉၀) ဧကရှိသော နယ်မြေကို "ကမာအိုင်ဒီရေတောကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက် (၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ပလောက်ချောင်းဝအနီး ခန့်မှန်းမြေပုံညွှန်း 13.16820˙N, 98.58117˙E မှ အစပြု၍ အရှေ့တောင်ဘက်သို့ ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.15943˙N, 98.59676˙E အထိ၊ ထိုမှ ဒီရေတောစပ်အတိုင်း အနောက်တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.15162˙N, 98.59198˙E အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.15549˙N, 98.58820˙E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၆.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.15443˙N, 98.57659˙E အထိ၊ ထိုမှ တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.14676˙N, 98.57713˙E အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.14325˙N, 98.58328˙E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၂.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.12897˙N, 98.57113˙E အထိ၊

တောင်ဘက်။ ထိုမှ ဒီရေတောစပ်အတိုင်း အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.12480˙N, 98.57398˙E အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.11913˙N, 98.57266˙E အထိ၊ ထိုမှ ဒီရေတောစပ်အတိုင်း အနောက်မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.12413˙N, 98.57229˙E အထိ၊

အနောက်ဘက်။ ထိုမှ ဒီရေကမ်းစပ်အတိုင်း အနောက်မြောက်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.12864˙N, 98.56823˙E အထိ၊ ထိုမှ ဒီရေကမ်းစပ်အတိုင်း အရှေ့မြောက်ဘက်သို့ ၁.၇၅ မိုင် ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 13.15377˙N, 98.57373˙E အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 13.16820˙N, 98.58117˙E အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ပုလောမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ပုလောမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပုလောမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစောကတွဲ<br>ဒေသခံပြည်သူ၊ ပြည်ခြားကျေးရွာအုပ်စု၊ ပုလောမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးမျိုးလွင်<br>ဒေသခံပြည်သူ၊ ပြည်ခြားကျေးရွာ၊ ပုလောမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်သစ်တောဦးစီးဌာန၊ ပုလောမြို့နယ် | အတွင်းရေးမှူး |

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ဇန်နဝါရီလ ၃၁ ရက်)

### ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကော်မတီများ ဖွဲ့စည်းခြင်း

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများကို လုပ်ငန်းကဏ္ဍများအလိုက် သက်ဆိုင်သည့်ဌာနများပူးပေါင်း၍ စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ကော်မတီ၏ လုပ်ငန်းတာဝန်အပိုဒ် (ဘ) အရ လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

(ကက) ဒုတိယဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခခ) အမြဲတမ်းအတွင်းဝန် — ဒုတိယဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဂဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃဃ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(ငင) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

(စစ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁)

(ဆဆ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဇဇ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဥပဒေရေးရာဝန်ကြီးဌာန

(ဈဈ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

(ညည) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဋဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ငင) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဍဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဎဎ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဏဏ) အထွေထွေမန်နေဂျာ — အဖွဲ့ဝင်
မြန်မာ့သစ်လုပ်ငန်း
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(တတ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ထထ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဒဒ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဓဓ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(နန) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ပပ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဖဖ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဗဗ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဘဘ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(မမ) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(ယယ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အရပ်ဘက်လူမှုအဖွဲ့အစည်းများ

(ရရ) ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
အစိုးရမဟုတ်သောအဖွဲ့အစည်းများ

(လလ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ

(ဝဝ) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(သသ) ညွှန်ကြားရေးမှူး (မူဝါဒ) တွဲဖက်အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကဏ္ဍအလိုက် မူဝါဒများတွင် ထည့်သွင်းပေါင်းစပ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် လိုအပ်သော မူဝါဒများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် စိစစ်သုံးသပ်တင်ပြခြင်း၊ အခြားသက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်သုံးသပ်ခြင်းနှင့် လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းခြင်းများအတွက် အကြံပြုချက်များ တင်ပြခြင်း၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုဆိုင်ရာမူဝါဒ၊ နှစ်တို/ နှစ်ရှည် လုပ်ငန်းအစီအစဉ်များအရ ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စရပ်များကို သက်ဆိုင်ရာဌာန၏ လုပ်ငန်းစီမံကိန်း ရည်မှန်းချက်များနှင့် ဘဏ္ဍာရေး လျာထားချက်များတွင် ထည့်သွင်းရေးဆွဲနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃဃ) ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး စံချိန်စံညွှန်းများ ရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ငင) စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း စနစ်အား အကောင်အထည်ဖော် ဆောင်ရွက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဘက်စုံစောင့်ကြပ် ကြည့်ရှုစစ်ဆေးရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စစ) ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသည့် သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် သို့မဟုတ် ကာဗွန်ထုတ်လွှတ်မှု လျော့နည်းသည့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လမ်းညွှန်ချက်များချမှတ်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဆဆ) သဘာဝသယံဇာတအရင်းအမြစ်များ ထုတ်ယူသုံးစွဲရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေးနှင့် စဉ်ဆက်မပြတ် အကျိုးရှိစွာအသုံးပြုနိုင်ရန် သက်ဆိုင်ရာဌာနများ၏ နှစ်တို/နှစ်ရှည် စီမံကိန်းများ ရေးဆွဲနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဇဇ) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ တိုးချဲ့ဖွဲ့စည်းရေး၊ ဇီဝလုံခြုံရေး၊ မျိုးရိုးဗီဇအရင်းအမြစ်များ စနစ်တကျ အသုံးချရေးဆိုင်ရာ လမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဈဈ) မြေအသုံးချမှုမှန်ကန်ရေး သဘာဝသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအစီအမံများ ချမှတ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ညည) ပွင့်လင်းရာသီတွင် တောမီးနှင့် အခြားမီးများကြောင့် Fire Hotspot များ ထိန်းချုပ်လျှော့ချရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဒေသအလိုက် စီမံချက်များ ရေးဆွဲဆောင်ရွက်ရေး ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဋဋ) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအစီအမံများ ချမှတ်နိုင်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဌဌ) ရာသီဥတုပြောင်းလဲမှု စောင့်ကြည့်လေ့လာရေးနှင့် ကဏ္ဍအလိုက် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာသတင်းအချက်အလက်များ ကောက်ယူခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ ရှေ့အလားအလာများခန့်မှန်းခြင်း လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဍဍ) ပတ်ဝန်းကျင်ဆိုင်ရာအငြင်းပွားမှုများကို ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဖြေရှင်းခြင်း၊

(ဎဎ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ်အခြေအနေတစ်ရပ် ပေါ်ပေါက်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်အစီအစဉ်များ ချမှတ်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ခြင်း၊

(ဏဏ) ပတ်ဝန်းကျင်ဆိုင်ရာ စာရင်းအင်းစနစ် တည်ထောင်နိုင်ရေးအတွက် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(တတ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု ရန်ပုံငွေတစ်ရပ်တည်ထောင်ရန် လိုအပ်သည့် စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲချမှတ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ထထ) ပတ်ဝန်းကျင်ရေးရာကိစ္စရပ်များတွင် အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ ပြည်တွင်းပြည်ပမှ အလှူငွေ၊ ထောက်ပံ့ငွေ၊ လက်ဆောင်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဒဒ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် ပတ်ဝန်းကျင်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့် အခြားဆက်စပ် ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဓဓ) ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင် ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် ပညာသင်ကြားရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(နန) ကျောင်းသင်ခန်းစာများတွင် ပတ်ဝန်းကျင်ဆိုင်ရာ သင်ခန်းစာများကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သလို ပြင်ဆင်ဖြည့်စွက်နိုင်ရန် အကြံပြုတင်ပြခြင်း၊

( ပ ပ ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာကြီးကြပ်မှုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ဖ ဖ ) ကော်မတီမှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**( ခ ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းကော်မတီ**

(၁) **ဖွဲ့စည်းခြင်း**

| | | |
|---|---|---|
| (ကက) | ဒုတိယဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ခ ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င င ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( စ စ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဇ ဇ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဈ ဈ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ညည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဋ ဋ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဌ ဌ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဍ ဍ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဎ ဎ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဏဏ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တတ) ကိုယ်စားလှယ် အဖွဲ့ဝင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

(ထထ) ကိုယ်စားလှယ် အဖွဲ့ဝင်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဒဒ) ကိုယ်စားလှယ် အဖွဲ့ဝင်
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

(ဓဓ) ကိုယ်စားလှယ် (၁) ဦးစီ အဖွဲ့ဝင်
တိုင်းဒေသကြီးနှင့် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အစည်းများ

(နန) ကိုယ်စားလှယ် (၁) ဦးစီ အဖွဲ့ဝင်
စက်မှုဇုန်များ (ရန်ကုန်၊ မန္တလေး)

(ပပ) ကိုယ်စားလှယ် (၁) ဦးစီ အဖွဲ့ဝင်
အထူးစီးပွားရေးဇုန်များ (သီလဝါ၊ ကျောက်ဖြူ၊ ထားဝယ်)

(ဖဖ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အရပ်ဘက်လူမှုအဖွဲ့အစည်းများ

(ဗဗ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အစိုးရမဟုတ်သော အဖွဲ့အစည်းများ

(ဘဘ) ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများ

(မမ) ဒုတိယညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ယယ) ညွှန်ကြားရေးမှူး (ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေး) တွဲဖက်အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၂) **လုပ်ငန်းတာဝန်များ**

(ကက) ပတ်ဝန်းကျင်အရည်အသွေးထိန်းသိမ်းရေးနှင့် မြှင့်တင်နိုင်ရေးအတွက် ပတ်ဝန်းကျင်ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးဆွဲ၍ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် လမ်းညွှန်ချက်များချမှတ်ရန် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ခခ) စွန့်ပစ်ပစ္စည်း၊ အရည်နှင့် အခိုးအငွေ့များကြောင့် လေ၊ ရေနှင့် ပတ်ဝန်းကျင်အရည်အသွေး မထိခိုက်စေရန် စနစ်တကျ ထိန်းချုပ်နိုင်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများမရှိစေရေးအတွက် ပလတ်စတစ် စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်း အပါအဝင် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ နှစ်တို/ နှစ်ရှည် လုပ်ငန်းအစီအစဉ်များ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ဂ ဂ ) စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြဒေသ ပတ်ဝန်းကျင်အရည်အသွေးကောင်းမွန်ရေးနှင့် ရေရှည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာလမ်းညွှန်ချက်များ ချမှတ်နိုင်ရေးအတွက် ပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဃဃ) အစိုးရနှင့် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၆ (စ) အရ ဆောင်ရွက်နိုင်ရေးအတွက် စိစစ်တင်ပြရန် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( င င ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် တိုးမြှင့်အသုံးချရေးနှင့် စွမ်းအင်ချွေတာရေးအတွက် အစီအမံများချမှတ်နိုင်ရန် တိုးမြှင့်ဆောင်ရွက်ခြင်း၊

( စ စ ) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းစဉ်များအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ စည်းကမ်းချက်များနှင့်အညီ သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းများ လိုက်နာ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခြင်း ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

(ဆဆ) စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာ သတင်းအချက်အလက်များ၊ စာရင်းဇယားများနှင့် ကိန်းဂဏန်းအချက်အလက်များ ထိန်းသိမ်းသည့်စနစ် တည်ထောင်နိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ဇ ဇ ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသများ၏ စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ခြင်း၊ ပြည်တွင်း ပြည်ပမှ ဘဏ္ဍာငွေအထောက်အပံ့များနှင့် နည်းပညာဆိုင်ရာအကူအညီများ လက်ခံရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

( ဈ ဈ ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ဒြပ်ပစ္စည်းများ၊ ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများ ထားရှိထိန်းချုပ်ရေးဆိုင်ရာ ကွန်ဗင်းရှင်းများဖြစ်သည့် စတော့ဟုမ်းကွန်ဗင်းရှင်း၊ ဘာဆယ်ကွန်ဗင်းရှင်း၊ မီနာမားတားကွန်ဗင်းရှင်းနှင့် အခြားဆက်စပ်ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာသဘောတူညီချက်များ၊ နိုင်ငံအချင်းချင်း သဘောတူစာချုပ်များအရ ကတိကဝတ်များ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊

(ညည) စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူတို့ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသိအမြင်ပြန့်ပွားရေး၊ သုတေသန၊ ပညာပေးရေးနှင့် သတင်းအချက်အလက် ဖြန့်ဝေရေး ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

( ဋ ဋ ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးကို အလေးထားစဉ်းစားဆောင်ရွက်ရေး၊ ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေမည့် မြို့ပြလူနေထိုင်မှုစနစ် တည်ထောင်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ခြင်း၊

( ဌ ဌ ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဒေသ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/

ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊

( ၃၃ ) ကော်မတီမှ ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ခင်မောင်ရီ
ဥက္ကဋ္ဌ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

**စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စက်မှုဝန်ကြီးဌာန၏ ၂၀၂၁ ခုနှစ်၊ မေလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၂၁ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်–

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>စက်မှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး (၁)<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၁) |
| ( ဂ ) | ဒုတိယဝန်ကြီး (၂)<br>စက်မှုဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| (ဆ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| ( ဇ ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း | အဖွဲ့ဝင် |
| (ဈ) | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ဆေးဝါးလုပ်ငန်း | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အတွင်းရေးမှူး |

(ဠ) ဒုတိယအမြဲတမ်းအတွင်းဝန် စက်မှုဝန်ကြီးဌာန — တွဲဖက်အတွင်းရေးမှူး

၂။ စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်း၊ ဝန်ကြီးဌာန၏ အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေး အတည်ပြုချက်ရယူခြင်း၊

(ခ) ဝန်ကြီးရုံးအပါအဝင် ဦးစီးဌာန/လုပ်ငန်းများ၏ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ လုပ်ငန်းတာဝန်များကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ လိုအပ်ပါက ပြင်ဆင်သတ်မှတ်ရန်အကြံပြုခြင်း၊ ဝန်ထမ်းများရာထူး တိုးမြှင့်ခန့်ထားခြင်း၊ ဝန်ထမ်းသစ်များ ခန့်ထားခြင်း၊ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း၊ ပင်စင်ခံစားခြင်း၊ အလုပ်မှနုတ်ထွက်ခြင်း၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များအား တည်ဆဲဥပဒေများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ပြင်ဆင်သည့်ဥပဒေနှင့် နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ စနစ်တကျကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒများအား စိစစ်အတည်ပြုခြင်းနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများဆိုင်ရာကိစ္စရပ်များ၊ စာရင်းမှပယ်ဖျက်ခြင်းဆိုင်ရာကိစ္စရပ်များ၊ မြေနှင့် အဆောက်အဦများ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ အခြားသောအထွေထွေကိစ္စရပ်များနှင့် ကော်မတီက သဘောတူညီချက်/အတည်ပြုချက်ရယူထားရန် လိုအပ်သည်ဟု ယူဆသည့်ကိစ္စရပ်များအား သဘောတူညီချက်/အတည်ပြုချက်ရယူခြင်း၊

(ဃ) နိုင်ငံတော်၏ စီမံကိန်းများအရ ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ စီမံကိန်းလျာထားချက်များနှင့် ရသုံးမှန်းခြေငွေစာရင်း၌ ထည့်သွင်းလျာထားရန် အဆိုပြုချက်များအား ကော်မတီသို့ဦးစွာတင်ပြစေ၍ အသေးစိတ်စိစစ်မှုနှင့် ဆန်းစစ်မှုများပြုလုပ်ခြင်း၊

(င) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်တိကျစွာစိစစ်၍ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေး၊ ရသုံးမှန်းခြေငွေစာရင်း ခွင့်ပြုချက်များအရ အသုံး စရိတ်များကျခံသုံးစွဲခြင်းနှင့် ခွင့်ပြုထားသည့် ဘဏ္ဍာငွေစာရင်းမှခေါင်းစဉ်ပြောင်းလဲသုံးစွဲခြင်း ကိစ္စရပ်များအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှုရှိစေရေး စိစစ် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(စ) မိမိဝန်ကြီးဌာနအတွင်း ငွေကြေးသုံးစွဲမှုများကို အသေးစိတ်စိစစ်၍ ဘဏ္ဍာရေးနှစ်အလိုက် လျာထားချက် ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(ဆ) ဦးစီးဌာနနှင့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပစ္စည်းများ ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ရောင်းဈေးနှုန်းများ ယာယီအတည်ပြုသတ်မှတ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ငွေပေးချေခြင်း ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ လိုအပ်သည့် လေ့လာဆန်းစစ်မှုများပြုလုပ်ခြင်း၊ လေလွင့်ဆုံးရှုံး မှုများမရှိစေရေး စိစစ်ထိန်းချုပ်ခြင်းနှင့် အတည်ပြုချက်ရယူခြင်း၊

(ဇ) နိုင်ငံပိုင် စက်ရုံ/အလုပ်ရုံများ၊ စိုက်ကွင်း/စိုက်ခင်းများ၊ အရောင်းဆိုင်များ၊ မြေနှင့် အဆောက်အဦများအား ပုဂ္ဂလိကနှင့်ဖက်စပ်/အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း၊ ငှားရမ်းခြင်း၊ ထုတ်လုပ်မှုအပေါ် အကျိုးတူ ခွဲဝေခံစားမှုဖြင့် ဆောင်ရွက်ခြင်းများအတွက်မူအားဖြင့် သဘောတူညီချက်ရယူခြင်း၊

(ဈ) ဌာနပိုင်ပစ္စည်းများ ဖျက်သိမ်းခြင်း၊ ပြန်လည်ရောင်းချခြင်း၊ စုဆောင်းအရှုံးအမြတ်ဖြင့် စာရင်းညှိနှိုင်းခြင်း၊ အခြားသော ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ ထုတ်လုပ်ရေးနှင့် ရောင်းချရေးဆိုင်ရာကိစ္စရပ်များအား အတည်ပြုချက်ရယူခြင်းနှင့် လိုအပ်သော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်ရေး လမ်းညွှန်ဆောင်ရွက်ခြင်း၊

(ည) ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်းအသုံးစရိတ်မှ ဆောက်လုပ်ရေးခွင့်ပြုဘဏ္ဍာငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းဆိုင်ရာအဆောက်အဦများ၊ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အဦများဆောက်လုပ်ရန် အတည်ပြုချက်ရယူခြင်း၊ ၎င်းလုပ်ငန်းများအတွက် ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ ရွေးချယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းများအပ်နှံဆောင်ရွက်ရန် အတည်ပြုချက်ရယူခြင်း၊

( ဋ ) အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် ဈေးနှုန်းနှင့်သုံးစွဲမည့် ပစ္စည်းအမျိုးအစားများကို စိစစ်ဆောင်ရွက်ခြင်း၊ တည်ဆောက်ပြီးလုပ်ငန်းများအတွက် လုပ်ငန်းပြီးစီးမှုအပေါ်မူတည်၍ လုပ်ငန်းတန်ဖိုးငွေများအား ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ပေးချေနိုင်ရန် စိစစ်အတည်ပြုပေးခြင်း၊

( ဌ ) တည်ဆောက်ရေး၊ ဝယ်ယူရေးနှင့် ငှားရမ်း/ ရောင်းချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံး [ယခင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)] နှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ မရှိ စိစစ်အတည်ပြုပေးခြင်း၊

( ဍ ) ပုဂ္ဂလိကသို့ ငှားရမ်းခြင်း၊ ဖက်စပ်/အကျိုးတူဆောင်ရွက်လျက်ရှိသည့် စက်ရုံ/အလုပ်ရုံများ၊ စိုက်ကွင်း/ စိုက်ခြံများ၊ အရောင်းဆိုင်များရှိ အဆောက်အဦများ၊ သိုလှောင်ရုံများ၊ ဝန်ထမ်းအိမ်ရာများအား ပြုပြင်မွမ်းမံခြင်း၊ တိုးချဲ့ခြင်း၊ မြေလွတ်များ၌ အဆောက်အဦသစ်များ ဆောက်လုပ်ခြင်းကိစ္စရပ်များအပေါ် မူဝါဒချမှတ်ခြင်းနှင့် လိုအပ်သောလမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသည် လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးရန် လိုအပ်ချက်အပေါ်မူတည်ပြီး အစည်းအဝေးများကို လိုအပ်သလို ခေါ်ယူကျင်းပသွားရန် ဖြစ်ပါသည်။

ဒေါက်တာ ချာလီသန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ ၄၅ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုသုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာတွင် တည်ရှိသည့် Denko စက်သုံးဆီအရောင်းဆိုင် (ဝိုင်းမော်) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအလို့ငှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ နောင်တာလောကျေးရွာတွင် တည်ရှိသည့် Denko စက်သုံးဆီအရောင်းဆိုင် (ဝိုင်းမော်) အား မြစ်ကြီးနားမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းလွင် [၁၂/ဗဟန (နိုင်) ၀၈၉၈၆၅] အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထား လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၂)**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးရန်နိုင်လွင် [၁၂/ဥကမ (နိုင်) ၀၀၁၈၁၄] အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၁/၂၀၂၂)**

**e-Commerce Law (မူကြမ်း) ရေးဆွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးစီး၍ e-Commerce နှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် စည်းမျဉ်းစည်းဘောင်များရေးဆွဲပြဌာန်းနိုင်ရေးအတွက် **e-Commerce Law (မူကြမ်း) ရေးဆွဲရေးကော်မတီ** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးမင်းမင်း — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ခ) ဦးမြင့်သူရ — ဒုတိယဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဂ) ရဲမှူးကြီး ညွှန့်ဝေ — အဖွဲ့ဝင်
နည်းပညာမှုခင်းဌာနမှူး
မှုခင်းရဲတပ်ဖွဲ့၊ နည်းပညာမှုခင်းဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဒေါက်တာ ခင်စန္ဒာဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မူပိုင်ခွင့်ဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( င ) ဦးဟိန်းထက်အောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( စ ) ဒေါ်ရီမာမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေကြေးမူဝါဒရေးရာနှင့် ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဆ) ဒေါ်ကြည်မိုးမိုးအေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
စာရင်းဌာန
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

( ဇ ) ဦးမျိုးခိုင်ဝင်း — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
e-Government ဌာနခွဲ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဈ ) ဦးဆန်းမြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ည) ဒေါ်အေးသက် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

( ဋ ) ဒေါ်မြသိင်္ဂီ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

( ဌ ) ဦးဝင်းမင်းထွန်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ဥပဒေလုပ်ထုံးလုပ်နည်းဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဍ) ဒေါ်နွယ်နီစိုးရင် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး
e-Government ဌာန
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဎ) ဦးညီညီအောင် — တွဲဖက်အတွင်းရေးမှူး (၁)
ညွှန်ကြားရေးမှူး
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဏ) ဒေါ်နှင်းခိုင်အေး — တွဲဖက်အတွင်းရေးမှူး (၂)
ညွှန်ကြားရေးမှူး
သင်တန်းကျောင်း
သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ e-Commerce Law (မူကြမ်း) ရေးဆွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါ အချက်များအပါအဝင် ဥပဒေပိုင်းဆိုင်ရာ ပြည့်စုံစွာပါဝင်စေရေး ဆောင်ရွက်သွားရမည် ဖြစ်ပါသည်-

(က) ဥပဒေကြမ်းပြုစုရေးဆွဲရာတွင် အများပြည်သူ၏ အီလက်ထရောနစ်စီးပွားရေးလုံခြုံမှုရှိစေရေး အလေးထားဆောင်ရွက်ရန်၊

(ခ) ထုတ်ပြန်/ပြဋ္ဌာန်းပြီး စီးပွားရေးဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် အမိန့်ကြော်ငြာစာများကို ခေတ်နှင့်အလိုက် လိုက်လျောညီထွေမှုရှိစေရေးအတွက် လေ့လာသုံးသပ် ပြုစုသွားရန်၊

(ဂ) မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စီးပွားရေးစနစ်များ ပိုမိုကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်နိုင်ရန်၊

(ဃ) မြန်မာနိုင်ငံ၏ အီလက်ထရောနစ်စီးပွားရေးစနစ်များကို ကာကွယ်ပေးနိုင်သော ဥပဒေ၊ နည်းဥပဒေများ တည်ဆောက်ကာကွယ်ပေးနိုင်ရန်၊

(င) နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်သည့်လုပ်ငန်းစဉ်များ ထည့်သွင်းစဉ်းစားရန်၊

(စ) ဥပဒေနှင့်စပ်လျဉ်း၍ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများထုတ်ပြန်နိုင်ရေး အကြံပြုတင်ပြရန်နှင့် ကြိုတင်ပြင်ဆင်ထားရှိရန်၊

(ဆ) e-Commerce Law (မူကြမ်း) ရေးဆွဲရေးကော်မတီအတွက် လိုအပ်သည့်ရုံးလုပ်ငန်းအဖွဲ့အား ကုန်သွယ်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သွားရန်။

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ပြောင်းရွှေ့)/ ၂၀၂၂ (၃၃၇) အရ အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများတွင် ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ယှဉ်တွဲပါနေ့ရက်များတွင် စတင်ထမ်းဆောင်သည်-

| စဉ် | အမည် | ရာထူး၊ ဌာန | စတင်ထမ်းဆောင်သည့်နေ့ |
|---|---|---|---|
| (က) | ဒေါက်တာ ချိုချိုမြတ်အောင် | ညွှန်ကြားရေးမှူး<br>မွန်ပြည်နယ် | (၂၄-၁-၂၀၂၂)<br>နံနက်ပိုင်း |
| ( ခ ) | ဦးသက်လေးဦး | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီး | (၂၁-၁-၂၀၂၂)<br>နံနက်ပိုင်း |
| ( ဂ ) | ဦးကျော်မိုးထွန်း | ညွှန်ကြားရေးမှူး (စီမံ/ဘဏ္ဍာ)<br>ဧရာဝတီတိုင်းဒေသကြီး | (၂၄-၁-၂၀၂၂)<br>နံနက်ပိုင်း |

## အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၂၂)

## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit (CPU) အား အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပြီး ယခင်ဖွဲ့စည်းတာဝန် ပေးအပ်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၃၆၃/၂၀၂၁) ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်-

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (က) | ဒေါက်တာ သန်းသန်းမြင့်<br>ညွှန်ကြားရေးမှူးချုပ် | ပညာရေးသုတေသန<br>စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့<br>ခေါင်းဆောင် |
| ( ခ ) | ဒေါက်တာ ဝင်းထွန်း<br>ညွှန်ကြားရေးမှူးချုပ် | အဆင့်မြင့်ပညာဦးစီးဌာန | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| ( ဂ ) | ဦးကျော်စွာသွင်<br>ညွှန်ကြားရေးမှူးချုပ် | အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးကိုလေးဝင်း<br>ညွှန်ကြားရေးမှူးချုပ် | မြန်မာနိုင်ငံတိုင်းရင်းသား<br>ဘာသာစကားဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ဒေါက်တာ ဒေါ်မေစန်းရီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ဒေါက်တာ ကျော်ဝင်းစိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | အခြေခံပညာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး | ဌာန | တာဝန် |
|---|---|---|---|
| (ဆ) | ဒေါက်တာ သန့်ဇင်မျိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ် | ကျောင်းပြင်ပနှင့် တစ်သက်တာ<br>ပညာရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ဦးစိုးနိုင်ဦး<br>ညွှန်ကြားရေးမှူး | အဆင့်မြင့်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| ( ဈ ) | ဒေါ်ခင်ဆွေ<br>ညွှန်ကြားရေးမှူး | ဆရာအတတ်ပညာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒေါက်တာ ကျော်မိုးလွင်<br>ညွှန်ကြားရေးမှူး | မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | အဖွဲ့ဝင် |
| ( ဋ ) | ဒေါ်လီလီအောင်<br>ညွှန်ကြားရေးမှူး | လေ့လာဆန်းစစ်အကဲဖြတ်ရေးအဖွဲ့<br>(သုတေသန) | အဖွဲ့ဝင် |

၂။ ပညာရေးဝန်ကြီးဌာန **အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) အဂတိလိုက်စားသော ပြစ်မှုလုံးဝ မကျူးလွန်မိစေရန် ဌာနများ၌ အဂတိလိုက်စားမှုပြဿနာ ပေါ်ပေါက်နိုင်သော အခြေအနေများကို ကြိုတင်စိစစ်ဖော်ထုတ်ရန်၊

( ခ ) ဌာနဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်း အမိန့် ညွှန်ကြားချက်များတွင် အဂတိလိုက်စားမှုဖြစ်နိုင်ခြေ (ဂယ်ပေါက်များ) ရှိ မရှိ ဆန်းစစ်အကဲဖြတ်ရန်၊

( ဂ ) ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အဖွဲ့ငယ်များ ဖွဲ့စည်းပေးပြီး ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှု ဖြစ်နိုင်သော (ဂယ်ပေါက်များ) အား စနစ်တကျ ပိတ်ဆို့ထိန်းချုပ်ရန်အတွက် စည်းမျဉ်း စည်းကမ်းဥပဒေများနှင့်အညီ ဆောင်ရွက်ရန်၊

( င ) အဂတိလိုက်စားမှု ဖြစ်ပေါ်လာပါက ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ရန်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၄၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) မှ သဘောတူခွင့်ပြုချက်အရ ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများကြီးကြပ်ရေး ကော်မတီမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်ဥမ္မာသိန်း အား လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့ (သုတေသန) တွင် ကျွမ်းကျင်သူ လစဉ်ထောက်ပံ့ငွေ (၂၇၅,၀၀၀/–) အဖြစ် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့အထိ ဒုတိယအကြိမ် (၁) နှစ် ဆက်လက်တာဝန်ပေး ခန့်ထားလိုက်သည်။

ဒေါက်တာ ညွှန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူညီချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ သားဖွားမီးယပ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး (အငြိမ်းစား) ပါမောက္ခဒေါက်တာ ဒေါ်စမ်းစမ်းမြင့် အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ ကျွမ်းကျင်သူအဖြစ် (တတိယအကြိမ်) လစဉ်ထောက်ပံ့ငွေ (၂၇၅,၀၀၀/-) ဖြင့် တစ်နှစ်တာဝန်ပေးခန့်ထားလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊အားကစားနှင့်ကာယပညာဦးစီးဌာန၊ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးမိုးကျော်လွင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ ၂၀၂၂ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ အား ခံစားခွင့် ပြုလိုက်သည်။

အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ညွှန်ကြားရေးမှူး ဦးမိုးကျော်လွင် အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဦးမင်းသိန်းဇံ

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များအား ပြည်သူလူထုသို့ အသိပေးရန်လိုအပ်သည့်အခါတွင်လည်းကောင်း၊ သတင်းထုတ်ပြန်ရန်လိုအပ်သည့်အခါတွင်လည်းကောင်း၊ ပြည်တွင်းပြည်ပသတင်းဌာနများ၊ အဖွဲ့အစည်းများမှ မေးမြန်းလာသည့် ကိစ္စရပ်များအားလည်းကောင်း ရှင်းလင်းပြောကြားနိုင်ရန်အတွက် **ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းလိုက်သည်-

(က) ဦးဝဏ္ဏဇော် — အဖွဲ့ခေါင်းဆောင်
ခေတ္တတာဝန်ခံညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုဝန်ကြီးရုံး
(ဖုန်း-၀၉၂၃၀၀၄၂၈၊ ၀၆၇-၃၄၀၇၀၇၃)

( ခ ) ဦးမျိုးမြင့် — အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန
(ဖုန်း- ၀၉၈၇၃၀၃၅၅၅၊ ၀၆၇-၃၄၀၇၈၆၈)

( ဂ ) ဦးလှထွန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
လမ်းဦးစီးဌာန
(ဖုန်း- ၀၉၅၀၂၀၁၅၄၊ ၀၆၇-၃၄၀၇၇၈၉)

(ဃ) ဦးခင်မောင်ဆွေ — အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန
(ဖုန်း- ၀၉၄၄၈၅၃၅၉၃၆၊ ၀၆၇- ၃၄၀၇၀၆၉)

( င ) ဒေါက်တာ မြင့်နိုင် — အဖွဲ့ဝင်
ခေတ္တညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း- ၀၉၅၀၄၁၆၁၊ ၀၆၇-၃၄၀၇၃၁၃)

( စ ) ဦးဝင်းသိန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
(ဖုန်း- ၀၉၄၅၀၀၄၉၅၄၀၊ ၀၆၇-၃၄၀၇၈၃၆)

(ဆ) ဦးဝင်းမင်းထွဋ် — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး
(ဖုန်း-၀၉၄၄၄၀၀၀၉၂၉၊ ၀၆၇-၃၄၀၇၀၆၄)

၂။ သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် (၂၄၃/၂၀၂၁) အား ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်ကြောင်းနှင့် ပြင်ဆင်ဖွဲ့စည်းသည့် **ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ၏ လုပ်ငန်းတာဝန်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့်သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊

(ခ) ဖြစ်ပေါ်နေသည့် အခြေအနေများပေါ် မူတည်သုံးသပ်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကြိုတင်ဆောင်ရွက်သင့်သည့် သတင်းမီဒီယာလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်း ပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများမှ မေးမြန်းလာသည့်ကိစ္စများအား ဖြေကြားခြင်း၊

(ဃ) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်ရေးလုပ်ငန်းများတွင် ဝန်ကြီးဌာနလက်အောက်ရှိဦးစီးဌာန အဖွဲ့အစည်းများမှ အထောက်အကူပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

### လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံ၌ လူမှုရေးပညာရပ်အား ဘွဲ့ကြိုနှင့် ဘွဲ့လွန်တန်းများဖွင့်လှစ်ပို့ချ၍ ဘွဲ့များအပ်နှင်းနိုင်သော လူမှုရေးပညာတက္ကသိုလ်တစ်ခု ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားနိုင်ရန်အတွက် လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေး ကော်မတီ၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ရေး လုပ်ငန်းကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေး ကော်မတီ**

(၁) လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေး ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (ကက) | ဒေါက်တာ သက်သက်ခိုင်<br>ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးအောင်ထွန်းခိုင်<br>ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂဂ) | ဒေါက်တာ စိုးဝင်း<br>အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃဃ) ဒေါက်တာ ကိုကိုနိုင် အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ငင ) ဦးမျိုးအောင် အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

( စစ ) ဒေါ်သွေးသွေးချစ် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဆဆ) ဒေါ်သီတာထွန်း အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ဇဇ ) ဒေါက်တာ သီသီမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စီမံရေးရာဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

( ဈဈ ) ဦးဝဏ္ဏဇော် အဖွဲ့ဝင်
ခေတ္တတာဝန်ခံညွှန်ကြားရေးမှူးချုပ်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ညည) ဒေါက်တာ စန်းစန်းအေး အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) လူမှုရေးပညာတက္ကသိုလ် တည်ထောင်ဖွင့်လှစ်နိုင်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် မူဝါဒပိုင်းဆိုင်ရာ ခွင့်ပြုချက်နှင့် လမ်းညွှန်ချက်များ ချမှတ်ပေးနိုင်ရေးဆောင်ရွက်ခြင်း၊

( ခခ ) လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် အခြားလိုအပ်သည့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

( ဂဂ ) လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည့် ရန်ပုံငွေ ရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊

(ဃဃ) လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးအတွက် တာဝန်ခံဆောင်ရွက်ခြင်း၊

( ငင ) လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လုပ်ငန်းကော်မတီ၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများအား ကြီးကြပ်လမ်းညွှန်မှုပေးခြင်း။

( ခ ) **သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်းကော်မတီ**

(၁) သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(ကက) ညွှန်ကြားရေးမှူးချုပ် — ဥက္ကဋ္ဌ
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ခ ခ ) ဒေါ်အိအိခိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

( ဂ ဂ ) ဦးအောင်ကိုကိုကျော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဃဃ) ဒေါက်တာ နီလာကြူ — အဖွဲ့ဝင်
ပါမောက္ခ (ဌာနမှူး)
စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

( င င ) ဦးကျော်လင်းထင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (လူမှု/ကာကွယ်)
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( စ စ ) ဦးကျော်မျိုးသန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မသန်/ ဖွံ့ဖြိုး)
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဆဆ) ဒေါ်ဆွေဆွေလင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မ/ဖွံ့ဖြိုး)
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဇ ဇ ) ဒေါ်သန်းသန်းဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ပြည်/စီ)
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

( ဈ ဈ ) ဒေါ်နန်းခင်မာလေး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (ဆေးလူမှု)
ကုသရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ညည) ဒေါ်ဥမ္မာခိုင် — အဖွဲ့ဝင်
ကျောင်းအုပ်၊ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံ
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋဋ) ကိုယ်စားလှယ် (၃) ဦး — အဖွဲ့ဝင်
ပြင်ပကျွမ်းကျင်သူများ

(ဌဌ) ဒေါ်ခင်မေနု — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း)
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂) သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(ကက) လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်မည့် သင်ရိုးညွှန်းတမ်းနှင့် ဘာသာရပ်ပိုင်းဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရမည့်ကိစ္စရပ်များအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားခြင်း၊

(ခခ) နိုင်ငံတကာ တက္ကသိုလ်များ၏ သင်ရိုးညွှန်းတမ်းများအပေါ် လေ့လာသုံးသပ်မှုနှင့် သင်ကြားမှုများအား ကြိုတင်လေ့လာသုံးသပ်ခြင်း၊

(ဂဂ) မြန်မာနိုင်ငံအတွက် ကိုက်ညီမှုရှိမည့် Indigenous Social Work ဘာသာရပ်တစ်ခု ပြုစုထားရှိရေး၊

(ဃဃ) သင်ရိုးညွှန်းတမ်းရေးဆွဲရေးနှင့် ဘာသာရပ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ထားရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ငင) မူကြမ်းရေးဆွဲပြီးသော သင်ရိုးညွှန်းတမ်းများအား တင်ပြအတည်ပြုချက်ရရှိရေး ဆောင်ရွက်ခြင်း၊

(စစ) လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက် ဆန်းစစ်မှုအား တာဝန်ခံဆောင်ရွက်ခြင်း၊

(ဆဆ) ထွက်ပေါ်လာသော လူ့စွမ်းအားအရင်းအမြစ် လိုအပ်ချက်ဆန်းစစ်မှုမှ ထွက်ပေါ်လာသော အစီရင်ခံစာအပေါ် အခြေခံ၍ လူ့စွမ်းအားအရင်းအမြစ်မွေးထုတ်ရေး ရေရှည်စီမံချက်အား ရေးဆွဲတင်ပြခြင်း၊

(ဇဇ) နိုင်ငံတကာတက္ကသိုလ်များသို့ ပညာသင်များ စေလွှတ်နိုင်ရေးအတွက် နိုင်ငံတကာ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊

(ဈဈ) လူမှုရေးပညာတက္ကသိုလ်တွင် သင်ကြားရေးဝန်ထမ်းအဖြစ် တာဝန်ပေးရန် လျာထားသူများအား ကြိုတင်လေ့ကျင့်ပေးထားခြင်း၊

(ညည) လူမှုရေးပညာတက္ကသိုလ်တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် ဝန်ထမ်းဖွဲ့စည်းပုံ ရေးဆွဲတင်ပြခြင်း။

ဒေါက်တာ သက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် (ဗုဒ္ဓဟူး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူညီချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတွင် အရာထမ်းရာထူး (၄) နေရာ၊ အမှုထမ်းရာထူး (၃၀) နေရာစီဖြင့် ဖွဲ့စည်းထားရှိသော ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ကချင်ပြည်နယ်/ကရင်ပြည်နယ်/မွန်ပြည်နယ်/မကွေးတိုင်းဒေသကြီး/ဧရာဝတီတိုင်းဒေသကြီး) ရုံးများအား အရာထမ်းရာထူး (၈) နေရာ၊ အမှုထမ်းရာထူး (၄၅) နေရာစီဖြင့် တိုးချဲ့ပြင်ဆင်ဖွဲ့စည်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ ဖွဲ့စည်းပုံအား အရာထမ်းရာထူး (၂၅၇) နေရာ၊ အမှုထမ်းရာထူး (၁၈၀၂) နေရာ စုစုပေါင်းရာထူး (၂၀၅၉) နေရာဖြင့် တိုးချဲ့ဖွဲ့စည်းလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၅/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၁၀) ဦးအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးညီညီလွင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မကွေးရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| (ခ) | ဦးသန်းထွဋ်ခိုင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မော်လမြိုင်ရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>E-Government ဌာနခွဲ၊ ဝန်ကြီးရုံး |
| (ဂ) | ဦးအောင်သူဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မုံရွာရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပုသိမ်ရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (ဃ) | ဒေါက်တာ သန်းဇော်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>နေပြည်တော်ရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>နေပြည်တော်ရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| ( င ) | ဒေါ်စန္ဒာကြည်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး |
| ( စ ) | ဦးသက်လင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>လားရှိုးရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ဘားအံရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| (ဆ) | ဦးနန္ဒအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ပဲခူးရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ရန်ကုန်ရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| ( ဇ ) | ဦးဇေယျာထွန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ပြည်တွင်း ပြည်ပဆက်ဆံရေးနှင့်<br>သတင်းပြန်ကြားရေးဌာနခွဲ၊ ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မော်လမြိုင်ရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| ( ဈ ) | ဦးခိုင်ဦး<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ၊ ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မြစ်ကြီးနားရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| (ည) | ဦးဇော်မင်းနောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဝန်ကြီးရုံး |

ဒေါက်တာ ဌေးအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများအား တာဝန်ခွဲဝေအပ်နှင်းခြင်း

၁။ တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်နည်းဥပဒေများ၊နည်းဥပဒေ ၅ နှင့် နည်းဥပဒေ ၁၆ တို့အရတိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်များတွင်တိုင်းရင်းသားရေးရာနှင့်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားအချင်းချင်း သို့မဟုတ် တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် ဖြေရှင်းခြင်း ပြုနိုင်ရန်အတွက် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူညီချက်ဖြင့်သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ညှိနှိုင်း၍ အောက်ဖော်ပြပါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးများအား တာဝန်ခွဲဝေအပ်နှင်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးကျော်မင်းခိုင် | တိုင်းရင်းသားရေးရာဝန်ကြီး<br>ကချင်ပြည်နယ်အစိုးရအဖွဲ့ |
| (ခ) | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး<br>ကယားပြည်နယ်အစိုးရအဖွဲ့ |
| (ဂ) | ဦးစန်းကို | တိုင်းရင်းသားရေးရာဝန်ကြီး<br>ကရင်ပြည်နယ်အစိုးရအဖွဲ့ |
| (ဃ) | ဦးစိန်ထွန်းလှ | တိုင်းရင်းသားရေးရာဝန်ကြီး<br>ချင်းပြည်နယ်အစိုးရအဖွဲ့ |
| (င) | ဦးစိုင်းနိုင်နိုင်ကျော် | တိုင်းရင်းသားရေးရာဝန်ကြီး<br>စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (စ) | ဦးစောမာတင်လူသာ | တိုင်းရင်းသားရေးရာဝန်ကြီး<br>တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (ဆ) | ဦးစောလင်းအောင် | တိုင်းရင်းသားရေးရာဝန်ကြီး<br>ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (ဇ) | ဦးထွန်းခင် | တိုင်းရင်းသားရေးရာဝန်ကြီး<br>မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (ဈ) | ဦးစိုင်းနွမ် | တိုင်းရင်းသားရေးရာဝန်ကြီး<br>မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ |
| (ည) | ဦးခင်မောင်ဦး | တိုင်းရင်းသားရေးရာဝန်ကြီး<br>မွန်ပြည်နယ်အစိုးရအဖွဲ့ |
| (ဋ) | ဦးတင်လှ | တိုင်းရင်းသားရေးရာဝန်ကြီး<br>ရခိုင်ပြည်နယ်အစိုးရအဖွဲ့ |

(ဌ) ဦးစောဂျက်ကော့ထူး — တိုင်းရင်းသားရေးရာဝန်ကြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဍ) ဦးအောင်ကြည်ဝင်း — တိုင်းရင်းသားရေးရာဝန်ကြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့

(ဎ) ဦးစောလင်းခယ် — တိုင်းရင်းသားရေးရာဝန်ကြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

၂။ တာဝန်ခွဲဝေအပ်နှင်းခြင်းခံရသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးများသည် နည်းဥပဒေ ၅ ပါ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေ ၆ နှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် နည်းဥပဒေ ၁၆ ပါ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် နည်းဥပဒေ ၁၈၊ နည်းဥပဒေခွဲ (က)နှင့် နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေ ၂၂၊ နည်းဥပဒေ ၂၃၊ နည်းဥပဒေ ၂၇ တို့နှင့်အညီ ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာ (၈/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

၁။ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁/သပြေကုန်း) မှ မြေကွက်အမှတ် (B-5) အတွင်းရှိ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းမြေအဖြစ် အသုံးပြုထားသည့် မြေဧရိယာ ၀.၉၄ ဧကအား ဆရာတော် ဦးဇဋိလ၊ ၉/ မထလ (သ) ၀၀၃၀၁၃ မှ အခွန်လွတ်သာသနာ့မြေ လျှောက်ထားရန်အတွက် ဇမ္ဗူသီရိမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်စွဲပါ စာအမှတ်၊ ၂/၄-၂၄/ ဦး ၁ (အထဥ) ဖြင့် တင်ပြချက်အပေါ် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၇/၂၀၁၂)၊ ဆုံးဖြတ်ချက်အပိုဒ် (၅)၊ အပိုဒ်ခွဲ (ရ) အရ အထက်ဖော်ပြပါ မြေဧရိယာ ၀.၉၄ ဧကအား အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းမြေအဖြစ် သတ်မှတ်ခွင့်ပြုပြီးဖြစ်၍ အဆိုပါ မြေဧရိယာ ၀.၉၄ ဧကကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက စီမံခန့်ခွဲသည့်မြေအဖြစ်မှ စွန့်လွှတ်လိုက်သည်။

၂။ အဆိုပါ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်း၊ မြေဧရိယာ ၀.၉၄ ဧက၏ အလားလေးရပ်မှာ အောက်ပါ အတိုင်းဖြစ်သည်-

| | | |
|---|---|---|
| အရှေ့လားသော် | - | ဂန္ဓမာ (၂) လမ်းသွယ် |
| အနောက်လားသော် | - | လမ်း |
| တောင်လားသော် | - | ဂန္ဓမာ (၂) လမ်း |
| မြောက်လားသော် | - | အေးမြသာယာဘုန်းကြီးကျောင်း |

ဒေါက်တာ မောင်မောင်နိုင်
ဥက္ကဋ္ဌ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**စစ်ရာထူးခန့်ချုပ်ရုံး**

**(ကြည်းတပ်ဌာနစု)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)

အမှတ် ၂၉/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

ကျော်ဆန်းဝင်း ကြည်း ၇၈၂၆၈

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

အမှတ် ၃၀/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

စိန်ဌေး ကြည်း ၇၈၂၆၉

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ နမ့်စန်မြို့နယ်၊ ခိုလမ်မြို့၊ အမှတ် (၃) ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (ကွင်းပြင်)၊ ဦးပိုင်အမှတ် (-) ရှိ **မြေဧရိယာ ဝ.၈ဝ၄ ဧက** အား **ရွှေစည်းခုံကောင်းမှုလျှံပြည်ငြိမ်းအေး စေတီတော်မြတ်ကြီးနှင့် ဓမ္မရုံသီရွှေစည်းခုံဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့် ပြုသည်။

### အမိန့်ကြော်ငြာစာ (၆/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့နယ်၊ လယ်သာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၁၅၁၄/ကုံမင်းအင်း)၊ ဦးပိုင်အမှတ် (၈ဝ^ခ) ရှိ **မြေဧရိယာ ၃.ဝဝ ဧက** အား **အောင်မင်္ဂလာမွန်ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## မြန်မာ့စီးပွားရေးဘဏ်

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

အမှတ် ၁၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၂၂) နှင့် စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၉၁ဝ/၂၀၂၂) ကို ရည်ညွှန်းလျက် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံးမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသည့် ကြည်း-၇၂၄၂၉ ဗိုလ်ကြီး ညာဏ်ဝင်းရှိန် အား မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) စီမံခန့်ခွဲရေးဌာနခွဲတွင် လက်ထောက်မန်နေဂျာ၊ လစာနှုန်း (၂၇၅,ဝဝဝ-၄,ဝဝဝ-၂၉၅,ဝဝဝ) ရာထူး၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ စတင်ခန့်ထားလိုက်သည်။

ဝင်းနိုင်ဦး
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့စီးပွားရေးဘဏ်

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ | ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်) | သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### SUNWAY BUILDERS (MYANMAR) COMPANY LIMITED

(In Members Voluntary Winding–up)

At the Special General Meeting of the Members of the company held No. 520, Room 206, 2nd Floor, Excel Tower, Kabar Aye Pagoda Road, Bahan Township, Yangon Region, on 30th March 2022 the following, ‘‘Special Resolutions” were passed: {Myanmar Companies Law [Section 345 (b)] Insolvency Law Section 147 (a) (2)}.

**Special Resolutions:–**

1. That the Company be voluntarily wound–up by the members with effect from 30th March 2022.

2. That U Ko Ko Zaw, Certified Public Accountant and Auditor, be and is hereby appointed Liquidator for the purpose of such winding–up and is authorized to carryon the business of the Company with the assistance of the members of the Company to such extent and for such period as may be necessary only for the beneficial winding–up thereof and is granted such other powers as may be deemed fit or proper and to final winding–up the Company in Voluntarily.

3. That all persons claiming to be creditors of the above Company are, requested to submit details of their claims for review together with any strong documentary evidence in their possession, to the Liquidator before 29th April 2022.

Mr. Tan Kim Yoke
Director
Sunway Builders (Myanmar) Company Limited

U Ko Ko Zaw
Liquidator
Sunway Builders (Myanmar) Company Limited

Notice Under Section 357, Myanmar Companies Act (2017)

**Rooking Myanmar, Ltd.**

(In Members Voluntary Winding–up)

Invitation to Final Meeting

Notice is hereby given that the Final General Meeting of the Contributories and the Creditors Meeting of **Rooking Myanmar, Ltd.** Under Section 357, of the Myanmar Companies Act (2017) will be convened at No. 16–A2, First Floor, Zawtika Street, San Chaung Township, Yangon on 28–4–2022 at 10:00 am for the purpose of laying an account of the Final winding–up.

Yudai Suzuki
Managing Director
Rooking Myanmar, Ltd.

Daw Thida Ye Myint
Liquidator
NRC No. 9/KaPaTa (N) 147006
No.80(A), 1st Floor, Zaya Mingalar (3) Street, (1) Quarter,
Hlaing Township, Yangon.

**ဂလိုဘယ်(လ်) ကိုး ပါ့(တ်)နာ(စ်) ကုမ္ပဏီလီမိတက်**

**(GLOBAL CORE PARTNERS COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ
ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရှိရန်ရှိသည့်
အကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် ကုမ္ပဏီ၏ ရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထွေထွေအစည်းအဝေးတွင် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်–

၁။ ကုမ္ပဏီကို ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးကျော်မောင် (B.A, CPA, R.A, I.C.M.A, Part II–London) နှင့် ဦးဗိုလ်ဗိုလ်ဇော် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၆၉၈) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်များအား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းရေးအရာရှိဖြစ်သော ကျွန်ုပ်တို့ထံသို့ ၆–၁–၂၀၂၂ ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးကျော်မောင်
B.A, CPA, R.A, I.C.M.A,
Part II–London

ဦးဗိုလ်ဗိုလ်ဇော်
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၄၆၉၈/၂၀၁၈)

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၄) ကကာ၊ မေ အင်းယားကွန်ဒို၊ အင်းယားရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

Notice Under Section 348 of

The Myanmar Companies Act

Insolvency Law

**ASIAN ACRE ADVISORS MYANMAR LTD**

(In Voluntary Liquidation)

At the Extraordinary General Meeting of the shareholders of the Company held at on (23–3–2022), the resolutions that Company was wound up voluntarily and Daw Aye Thidar [B.Com (Q), CPA] was appointed as a Liquidator were passed as Special Resolutions.

For above resolutions, all persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below at the day on (2–5–2022) or before that day.

Mr. Yip Kam Thai
Managing Director
ASIAN ACRE ADVISORS MYANMAR LTD

Daw Aye Thidar
Ngwe Inzaly Audit Firm
Room. 801, 50th Street Condo (AMPS),
Bet; 50th x 51st Street, Bet; Maharbandoola Road &
Merchant Road, Botahtaung Township, Yangon.

**ပရောမစ် အက်ဂျူကေးရှင်း ဂလိုဘယ်ဆားဗစ်စက်(စ်) ကုမ္ပဏီလီမိတက်**

**(PROMISE EDUCATION GLOBAL SERVICES COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေများအရ
ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရှိရန်ရှိသည့်
အကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် ကုမ္ပဏီ၏ရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထွေထွေအစည်းအဝေးတွင် အောက်ဖော်ပြပါ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်–

၁။ ကုမ္ပဏီကို ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဦးကျော်မောင် (B.A, CPA, R.A, I.C.M.A, Part II–London) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်များအား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင် စာရင်းရှင်းလင်းရေးအရာရှိဖြစ်သော ကျွန်ုပ်တို့ထံသို့ ၂၈–၂–၂၀၂၂ ရက် နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါရက် နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးကျော်မောင်
(B.A, CPA, R.A, I.C.M.A, Part II–London)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၁၄) ကကၢ မေ အင်းယားကွန်ဒို၊ အင်းယားရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ – ၃၅၇ (က) အရ ကြေညာစာ

**Heikdi Bamar Company Limited**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေးဖိတ်ကြားစာ

အထက်ပါ ကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၂၂ ခုနှစ်၊ မေလ (၂) ရက် နံနက် (၉:၀၀) အချိန်တွင် အမှတ် (၀၇၀၄)၊ ၃ လွှာ၊ Golden City Condominium၊ ရန်ကင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ဦးကျော်ညွန့်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၂၃)၊ (၄) လွှာ၊ ဦးချစ်မောင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**TOKYO ROSE MYANMAR COMPANY LIMITED**

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **TOKYO ROSE MYANMAR COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန် (၃၀-၃-၂၀၂၂) နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅) အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| Daw Sane Lai Phyo | ဦးဇင်ဝေ |
| Managing Director | B.Com (AA), CPA (၂၁၀) |
| Tokyo Rose Myanmar Co., Ltd | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**TWTS Mining Company Limited**

မိမိ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် ကြော်ငြာခြင်း

၂၀၂၂ ခုနှစ်၊ မတ်လ (၈) ရက်နေ့၌ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အရ **TWTS Mining Company Limited** အား မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်ဝါဝါနွယ် (တရားလွှတ်တော်ရှေ့နေ) အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့ နောက်ဆုံးထား၍ အောက်ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများအတွက် ဆက်သွယ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဝင်းထွတ်
မန်နေးဂျင်းဒါရိုက်တာ
TWTS Mining Co., Ltd

ဒေါ်ဝါဝါနွယ်
တရားလွှတ်တော်ရှေ့နေ
(စဥ်-၁၇၆၈၁/၂၁-၁၂-၂၀၂၁)
အမှတ် (၃၉၈)၊ (၆) လွှာ၊ ဗညားဒလလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉၄၀၁၀၄၀၆၈၈၆

**မြန်မာ အင်နိုဗေးတစ် ဆလျူးရှဲန် ကုမ္ပဏီလီမိတက်**

**(MYANMAR INNOVATIVE SOLUTIONS COMPANY LIMITED)**

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာ အင်နိုဗေးတစ် ဆလျူးရှဲန် ကုမ္ပဏီလီမိတက် (MYANMAR INNOVATIVE SOLUTIONS COMPANY LIMITED)** အား (၂၃-၃-၂၀၂၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ မေလ (၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးပြည့်စုံသိန်း
မန်နေးဂျင်းဒါရိုက်တာ
မြန်မာ အင်နိုဗေးတစ် ဆလျူးရှဲန် ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), CPA]
Ngwe Inzaly Audit Firm
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ရွှေဘုန်းရောင် ကုမ္ပဏီလီမိတက်
## (SHWE PHONE YAUNG COMPANY LIMITED)
### အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှေဘုန်းရောင် ကုမ္ပဏီလီမိတက် (SHWE PHONE YAUNG COMPANY LIMITED)** အား (၂၃-၃-၂၀၂၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ မေလ (၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဉာဏ်လင်း
မန်နေးဂျင်းဒါရိုက်တာ
ရွှေဘုန်းရောင် ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), CPA]
Ngwe Inzaly Audit Firm
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## ခိုင်ဝင်းသိန်း ကုမ္ပဏီလီမိတက်
## (KHINE WIN THEIN COMPANY LIMITED)
### အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၂၂ ခုနှစ်၊ မတ်လ (၂၃) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ခိုင်ဝင်းသိန်း ကုမ္ပဏီလီမိတက် (KHINE WIN THEIN COMPANY LIMITED)** အား (၂၃-၃-၂၀၂၂) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်အေးသီတာ [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၂၂ ခုနှစ်၊ မေလ (၂) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမျိုးခိုင်
မန်နေးဂျင်းဒါရိုက်တာ
ခိုင်ဝင်းသိန်း ကုမ္ပဏီလီမိတက်

ဒေါ်အေးသီတာ
[B.Com (Q), CPA]
Ngwe Inzaly Audit Firm
အခန်း (၈၀၁)၊ (၈) လွှာ၊ လမ်း (၅၀) ကွန်ဒို၊
ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြား၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၉၂၅/ ၁-၄-၂၀၂၂။